mgyoe.com




ဂျက်

ကွမ်းခြံကုန်း

# အိုင်ကျွန်ုပ်နှင့် မြိုင်အရှုပ်





mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ (၀၂၀၇၇)၊
အမှတ် (၄၉၉)၊ ၆-လွှာ(က)၊ မွော်ရှုလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးစန်းဦး၊ SKCC PRESS (၀၀၄၁၃)၊
မဟိုရိပ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊
အုပ်ရေ - ၅၀၀၊
တန်ဖိုး - ၃၀၀၀ ကျပ်

mgyoe.com


ဂျက်
ကွမ်းခြံကုန်း
အိုင်ကျွန့်ပ်နှင့်
မြိုင်အရုပ်

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

- စာရေးသူအမှာ
၁။ တောရွေး တောင်ရွေး ကြိုက်ရာရွေး ၁
၂။ တောနဲ့ ကတ်ကြေး ၆
၃။ တိရစ္ဆာန်တွေလည်း ရယ်တတ်ကြပါသည် ၁၃
၄။ နုချင်နု ရင့်ချင်ရင့် တောထဲက ဘူးသီး ၁၉
၅။ မြောင်အထပ်ထပ်မှာ ပြောင်စပ်စပ်မလုပ်ကြေး ၂၇
၆။ တောဘိုင်စကုပ် ၃၃
၇။ စုံနံ့သာမြိုင်နဲ့ လတီ ၄၁
၈။ ဒါလားကွ… ဆပ်ကပ် ၄၇
၉။ ခေတ်မီသူတိုင်း ဆဲကြသည် ၅၃
၁၀။ ပုတ်သင်ညိုကြီးများရဲ့ အာဘော် ၅၉
၁၁။ အဲဒါ ငါတို့ဘက်က အကောင် ၆၅
၁၂။ နေဖို့ကောင်းတဲ့ ဂနိုင်၊ သေဖို့ကောင်းတဲ့ မြိုင် ၇၁
၁၃။ တောတံခါး ဖွင့်လိုက်လေသောအခါ ၇၇
၁၄။ ဆိတ်ပါးစပ် ဆင်ပါးစပ် ၈၃
၁၅။ တောထွက် ၈၉
၁၆။ ပြည်တော်ဝင်ကြလေသောအခါ ၉၅
၁၇။ ရေမကူးတတ်ပေမဲ့ ငါမသေဘူး ၁၀၁
၁၈။ တောရဲ့စီးပွားရေးက တောကောင်တွေရဲ့လက်ထဲမှာ ၁၀၇

mgyoe.com

mgyoe.com


၁၉။ တောကောင်ဆိုရင် တောဘောင်ကို မကျော်နဲ့ ၁၁၃

၂၀။ ပွဲတိုင်းကျော် သတ္တဝါကြီးများ ၁၁၉

၂၂။ မန်းနီးဒလဟော ၁၂၅

၂၃။ ပုရစ်အပေါင်းနဲ့ တစ်ခေတ်ပြောင်းချေပြီ ၁၃၁

၂၄။ ငိုတတ်တဲ့ကောင် လက်ညှိုးထောင် ၁၃၇

၂၅။ ဖင်လှုပ်တာ ဆင်အလုပ် ၁၄၃

၂၆။ အတောမသတ်တဲ့ ဇောရဟတ်နဲ့ တောဘတ်စ် ၁၄၉

၂၇။ ဘုရားထံက ပြန်ရရန်ရှိပါသလော ၁၅၅

၂၈။ အံ့ဖွယ်စုံတဲ့ တောရဂုံမှာ ၁၆၁

၂၉။ တရားရုံးနောက်ကွယ်မှာ ဘာကောင်တွေရှိပါလိမ့် ၁၆၇

၃၀။ ရှုံးတဲ့အခါလည်းရှိ၊ မနိုင်တဲ့အခါလည်းရှိ ၁၇၃

၃၁။ အသားတုန်ပါတဲ့ ဓားရဂုံ ၁၇၉

၃၂။ စုံနံ့သာမြိုင်မှာ စီကာကုံးလိုက်ကြပြန်တော့ ၁၈၅

၃၃။ ရှားလော့ဟုမ်း တောကဲခတ်ခြင်း ၁၉၁

၃၄။ လူသာလျှင် နိုင်ငံရေးသတ္တဝါလို့ ထင်သလား အရစ္စတိုတယ်လ် ၁၉၇

၃၅။ တိရစ္ဆာန်မန်းနီး လူမန်းနီး ၂၀၃

၃၆။ တောလီဒါတွေကို မနှော မအီမသာမဖြစ်စေနဲ့ ၂၀၉

၃၇။ စုံနံ့သာမြိုင်၌ ဆောင်သော မင်္ဂလာ ၂၁၅

၃၈။ တောမှာချုပ်တော့ တောစာချုပ် ၂၂၁

၃၉။ ဝမ်းရီးယား (One Year) အာမခံတောရဂုံ ၂၂၇


❑

* 7 Day Daily၊ ၂၀၁၈ ဖေဖော်ဝါရီမှ နိုဝင်ဘာအတွင်း ဖော်ပြခဲ့သော သရော်စာများ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

စာဖတ်သူသို့...

ဂနိုင်နှင့်မြိုင်ကို အခြေခံကာ 7 Day Daily သတင်းစာ၌ တနင်္ဂနွေနေ့တိုင်း သရော်စာများ ရေးသားဖြစ်ခဲ့ရာ

၁။ တောပါးစပ်

၂။ တောစန္ဒရား

၃။ တောကြီးထဲမှာကတော့ ဆောရီးပဲ

၄။ ပြောစမှတ်ဆန်းတဲ့ တောဇာတ်လမ်း

၅။ တောပြောတောင်ပြော

၆။ မောတယ်ကွဲ့ တောအလယ် တို့ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယခု အိုင်ကျွန်ုပ်နှင့် မြိုင်အရှုပ်ကို ဆက်လက် တင်ဆက်လိုက်ပါသည်။

ဂျက်ကွမ်းခြံကုန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# တောစျေး တောင်စျေး ကြုံကိုက်ရာရွေး

## (တစ်)

အခုနှစ်ပိုင်းတွေထဲမှာ စုံနံ့သာမြိုင်တောထဲကို လာလာပြီး ကုန်စည်ပြပွဲတွေ ကျင်းပကြလေသဗျ။ အမျိုးစုံပါပဲ။ လူ့ရပ် လူ့ရွာ လူ့ကမ္ဘာက ထုတ်လုပ်ဖြန့်ဖြူးသမျှ ကုန်ပစ္စည်းအသစ်အဆန်း ထွေလီကာလီတွေဆိုတာ စက္ကန့်နဲ့အမျှ တစ်ခေတ်ပြီးတစ်ခေတ် သစ်ပြီးသစ်ဆိုသလို ပေါ်ပေါ်လာလိုက်ကြတာများ။ အဲဒီမှာ ကုမ္ပဏီတွေက သူတို့ကုန်ပစ္စည်းတွေနဲ့ တောနေတိရစ္ဆာန်စားသုံးသူများ ရင်းနှီးသွားဖို့ရာအလို့ငှာ ကုန်စည်ပြပွဲတွေကို စုံနံ့သာမြိုင်တောထဲမှာ လာလာပြီး လုပ်ကြတာပါ။

ဆိုကြပါစို့ လျှပ်စစ်ကုန်စည်တွေ ပြတဲ့ပွဲ။ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြား၊ လေအေးပေးစက်၊ အသားကြိတ်စက်၊ သစ်သီးဖျော်စက်၊ ပန်ကာ၊ မီးပူ၊ အပူပေးစက်၊ ကော်ဖီဖျော်စက်၊ ဆံပင်အခြောက်ခံစက်၊ ပေါင်းအိုး၊ မီးဖို၊ ပေါင်မုန့်မီးကင်စက်၊ မီးလုံး၊ မီးသီး၊ မီးပန်း၊ မီးဆိုင်း၊ မီးကြိုး၊ မီးခုံ၊ မီးအားမြှင့်စက်၊ မီးဖြတ်စက်၊ မီးစက်ဆိုတာတွေကို အကုန်ပြထားတာပါ။

အဲ··· အိုင်တီ (It) လို့ခေါ်တဲ့ သတင်းနည်းပညာပြပွဲ။ ဖုန်းတွေ ဖုန်းတွေများဆိုတာ။ ပြားပြားတွေရော ပြိုပြိုတွေရော။ အိုင်ဖုန်း (iPhone)၊ အိုင်ပက် (iPad)၊ တက်ဘလက် (Tablet)၊ နုတ် (Note)၊ လက်ပ်တော့

mgyoe.com

(Laptop)၊ ဒက်စ်တော့ (Desktop)၊ ပရိုဂျက်တာ (Projector) ဆိုတာတွေ။ လှမှလှ။ ကြွမှကြွ။

စားသောက်ကုန်ပြပွဲဆိုလည်း တော်တော့်ကို စုံစုံစေ့စေ့ပါ။ ယမကာမျိုးစုံ၊ အအေးမျိုးစုံ၊ အသားဘူးမျိုးစုံ၊ ဟင်းခတ်အမွှေးအကြိုင်ပုလင်းမျိုးစုံ၊ ဘူးမျိုးစုံ၊ အချဉ်ပုလင်းမျိုးစုံ၊ ခေါက်ဆွဲတွေ၊ ကြာဆံတွေ၊ ဂျုံမှုန့်တွေ၊ ဆန်မှုန့်တွေ၊ ငံပြာရည်တွေ၊ အချိုမှုန့်တွေ၊ အာလူး၊ ကြက်သွန်၊ ငရုတ်ပြခန်း၊ အသီးအရွက်ပြခန်း၊ မုန့်မျိုးစုံပြခန်း၊ လက်ဖက်ရည်၊ ကော်ဖီပြခန်း၊ အို… အိုးခွက်ပန်းကန်ခွက်ယောက်၊ ဇွန်းခက်ရင်း၊ ဓား၊ တူ၊ သွားကြားထိုးတံက အစ ပြသထားလိုက်တာများဆိုတာ။

အဝတ်အထည်ပြပွဲတဲ့။ ကားပြပွဲတဲ့။ အိမ်ခြံမြေပြပွဲတဲ့။ ပညာရေးပြပွဲတဲ့။

လူတွေ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်မြင့်နဲ့ နေကြဖို့ရာ အလို့ငှာ တွေးဆတီထွင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချတဲ့ ပစ္စည်းတွေကို တောထဲက တိရစ္ဆာန်ကလေးတွေကလည်း သုံးဆောင်နေကြပြီမို့ ကုန်ပစ္စည်းနဲ့ စားသုံးသူ ရင်းနှီးမှုရကြဖို့ရာ လူတွေက တိရစ္ဆာန်တွေရှိတဲ့ တောထဲ ကုန်စည်ပြပွဲတွေ လာလာပြီး လုပ်ပေးကြတာပါ။

အို… သတ္တဝါပေါင်းစုံ ကြိတ်ကြိတ်တိုး။ ရေခဲမုန့်စားရင်း၊ ကော်ဖီခွက်ကလေးတွေ လက်မှာကိုင်ရင်း၊ အအေးဘူးကလေးတွေ ပိုက်နဲ့တပ်ကာစုပ်ရင်း ပြပွဲကို ကြည့်ရှုငေးမောကြတာ။ မြင်းကျားက မျက်မှန်အမည်းကြီးတပ်လို့။ မျောက်လင်မယားက လက်ချင်းချိတ်လို့။ နွားက စီးကရက်ကို ခဲလို့။ သိုးမကလေးတစ်သိုက်က စကတ်အကွဲတွေနဲ့။ ကျားသစ်က နားကြပ်ပေါက်စနဲ့ သီချင်းနားထောင်လို့။

ဩော်… ကုန်တွေနဲ့ စည်တဲ့ ကုန်စည်ပြပွဲတဲ့လေ။

## (နှစ်)

တစ်ပွဲတည်းတော့ မဟုတ်ခင်ဗျ။ လေးငါးခြောက်ပွဲ။ ဟုတ်တယ်။ တောထဲမှာ ကုန်စည်ပြပွဲတွေ လုပ်လာတာ လေးငါးခြောက်ပွဲကျော်ကျော်လည်း ရှိလာရော တိရစ္ဆာန်တွေ ရောဂါထ,တော့တာပါပဲ။

mgyoe.com

mgyoe.com

''တို့များစုံနံ့သာမြိုင်က
တိရစ္ဆာန်တွေလည်း
ကုန်စည်ပြပွဲ
လုပ်ကြရအောင်''တဲ့။ ကြည့်စမ်း။ အသံတွေ ထွက်လာလိုက်ကြတာ။ ခြင်္သေ့တို့၊ ကြံ့တို့၊ ဖွတ်တို့ကကျတော့ ပြပွဲလုပ်မယ့်နေရာကိုပါ ရွေးတာ။ လူ့ရွာထဲမှာ တက်ပြမယ်တဲ့။ စုံနံ့သာမြိုင်ကုန်စည်ပြပွဲတဲ့။ နာမည်က ကဗျာဆန်ဆန်။

## (သုံး)

တိရစ္ဆာန်တွေက ပြောတဲ့အတိုင်း လုပ်ကြတာပါကလား။ လူ့ရွာထဲကို တက်ပြီး ခန်းမအကျယ်ကြီးတစ်ခန်း ငှားကြသဗျ။ ပြီးတော့ ဧရာမဆိုင်းဘုတ်ကြီးတွေ ခန်းမပတ်ပတ်လည်မှာ တင်လို့။ စုံနံ့သာမြိုင်ကုန်စည်ပြပွဲတဲ့။

အို… လူတွေ လူတွေ ကြိတ်ကြိတ်တိုးလို့။ တိရစ္ဆာန်ကုန်စည်တွေကို လာကြည့်ကြတာ။ ဂျက်ကွမ်းခြံကုန်းလည်း ဝင်ကြည့်ဖြစ်ပါတယ်။

တောရဲ့ထွက်ကုန်တွေက အများသားကလား။ စပါးကြီးသည်းခြေတဲ့။ ကျားသားရေတဲ့။ နွားသားရေတဲ့။ တောင်ဆိတ်ခွာတဲ့။ တောင်ဆိတ်ချိုတဲ့။ ကျွဲချိုတဲ့။ နွားမြီးတဲ့။ ကျားစွယ်တဲ့။ သမင်ချိုတဲ့။ မြွေပွေးတဲ့။ တောက်တဲ့…တဲ့။ ဆင်စွယ်တဲ့။ မျောက်သွေးတဲ့။ မျောက်ဦးနှောက်တဲ့။ ပျားရည် တဲ့။ သိုးမွေးတဲ့။ ဒေါင်းတောင်တဲ့။ မြင်းမြီးတဲ့။ ဆတ်သားခြောက်တဲ့။ ချေသားခြောက်တဲ့။ အမဲသားခြောက်တဲ့။ မျောက်အူတဲ့။ ကြက်တူရွေးနှုတ်သီး။ နွားလျှာ။ ကျားလျှာတဲ့။ ဝက်ဝံသည်းခြေတဲ့။ လင်းယုန်လက်သည်းတဲ့။ ကျားရိုးတဲ့။ လိပ်ခွံတဲ့။ တောဝက်စွယ်တဲ့။ ဆိတ်ခေါင်းတဲ့။ ဝက်ခေါင်းတဲ့။ ဝက်လက်တဲ့။ တောကြက်ဥတဲ့။ တောကြက်သားတဲ့။ ငါးရှဉ့်ကျပ်တိုက်တဲ့။ ငါးရံ့ခြောက်တဲ့။ ပုတက်ကင်တဲ့။ ရှဉ့်သားခြောက်တဲ့။ ခါချဉ်ဥတဲ့။ လိပ်ဥတဲ့။ နွားနို့တဲ့။ ဆိတ်နို့တဲ့။ မြင်းနို့တဲ့။

''အဆွေတို့တောရဲ့ ကုန်စည်ပြပွဲက တိရစ္ဆာန်တွေ ထုတ်လုပ်တဲ့ ပစ္စည်းတွေကို ပြမယ်ထင်နေတာ။ ခုတော့…''

ဂျက်ကွမ်းခြံကုန်းက အစွယ်ကျိုးနေတဲ့ ခြင်္သေ့ကြီးကို သို့နှယ် စကား

mgyoe.com

ဆိုရင်း စကားကို အဆုံးမသတ်ဘဲ တန်းလန်းကြီးနဲ့ရပ်ကာ ကြည့်နေမိသဗျ။

"ဩော်… ဂျက်ဆရာကလည်း ဘဇာ ထုတ်လုပ်စရာ လိုသလဲဗျ။ ကျုပ်တို့က အဖိုးထိုက်တန်နေပြီပဲဟာ။ ကျုပ်တို့ကို ဝယ်မယ့်သူတွေက အများကြီး"တဲ့။ ခြသေ့်က။

ဩော်… ဒါတော့ဟုတ်သား။ တိရစ္ဆာန်တွေကိုယ်တိုင်က ရောင်းကုန်ပစ္စည်းဖြစ်နေတဲ့ဥစ္စာ။ တောကြီးတစ်ခုလုံးကိုတောင် လူတွေက ဝယ်ချင်ဝယ်နေဦးမယ့်ဥစ္စာ။ တိရစ္ဆာန်တွေက မရောင်းနိုင်ပါဘူးလို့ ဂျက်ကွမ်းခြံကုန်းဖြင့် အာမမခံရဲပေါင်ဗျာဟူလို။ ။


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တောနဲ့ ကတ်ကြေး

## (တစ်)

တစ်ရက် ပြာသို၊ တပို့တွဲ ချမ်းချမ်းအေးအေး မနက်ခင်းကြီးထဲ စုံနံ့သာမြိုင်တောတစ်နေရာက ပုန်းညက်ပင်ကြီးတစ်ပင်ရဲ့ အောက်နားဆီက မီးပုံကလေး နံဘေးနားမှာ မီးလှုံရင်း တောင်ရောက်မြောက်ရောက် စကားကလေးတွေ ပြောဖြစ်နေကြသဗျ။ မီးပုံလို့ဆိုပေမယ့် ဇရာမသစ်မြစ်ဆုံကြီး တစ်တုံးကို တငွေ့ငွေ့လောင်နေတဲ့မီးပါ။ အဲသည့်နံဘေးမှာ ဂျက်ကွမ်းခြံကုန်းရယ်၊ မျောက်ဝံကြီးတစ်ကောင်ရယ်၊ သာလိကာကြီးရယ် မီးလှုံရင်းနဲ့ စကားစမြည် ပြောဖြစ်နေခဲ့ကြတာပါ။

အဲသမှာ သာလိကာကြီးမေးတဲ့ မေးခွန်းက အဆန်းဗျ။

"ဆရာကြီးဂျက်

မင်းမြောက်တန်ဆာ

ငါးပါးက

ဘဇာတွေတုန်း"တဲ့ခင်ဗျ။

သြော်… သတ္တဝါနဲ့ မေးခွန်းနဲ့ မမျှလိုက်တာ။ မင်းမြောက်တန်ဆာငါးပါးတဲ့။ "အနို့ နေပါဦး သာလိကာရယ် ဘယ့်နှာကြောင့် အနှီသို့သော မေးခွန်းကို မေးရသတုန်းဗျာ"လို့ ဂျက်က ပြန်မေးမိပါရဲ့။ သာလိကာကြီးက ဘုတ်အုပ်တွေထဲမှာ ခဏခဏတွေ့လို့တဲ့။ တွေ့မှာပေါ့ ရွှေဘုံနိဒါန်းတို့၊

mgyoe.com

mgyoe.com


ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တို့၊ မှန်နန်းရာဇဝင်တို့၊ ဦးကုလားရာဇဝင်တို့၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတို့လို ဘုတ်အုပ်တွေထဲမှာ။

ဘုရင့်အသုံးအဆောင် ငါးမျိုးပေါ့ဗျာရယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့် ဘဝရှင်မင်းတရားဆီမှာ မရှိမဖြစ်ဆောင်ထားရမယ့် ပစ္စည်းငါးမျိုးပေပလို့ ဂျက်က ရှင်းပြခဲ့ရပါရဲ့။

ဘာတဲ့ခဂ္ဂဆိုလား၊ အဲဒါသန်လျက်တဲ့။ နောက်ဆတ္တတဲ့၊ ထီးဖြူ။ နောက်ဥဏှီသတဲ့၊ သင်းကျစ်။ နောက်တော့ သုဝဏ္ဏပါဒုကတဲ့၊ အဲဒါက ရွှေခြေနင်း။ ပြီးတော့ ဝါဠဗီဇနတဲ့၊ ဒါက သားမြီးယပ်။ စုစုပေါင်းငါးမျိုး။ ဘုရင့်အသုံးအဆောင်။

"နည်းနည်းတော့

များသဗျာ"တဲ့။ သာလိကာကြီးက မျောက်ဝံကြီးက ပြုံးစိစိနဲ့။

ဘာများရမှာတဲ့တုန်း။ ဘုရင်ခင်ဗျ။ သနင်းခင်ဗျ။ Kingဗျ။ ရာထူးနဲ့လျော်ညီစွာ အနိုင်ငါးမျိုးလောက်တော့ အဆောင်အယောင်အဖြစ် ထားဦးမှပေါ့။ ဂျက်က နားလည်အောင် ရှင်းပြရပါတယ်။

"အနို့… အဆွေတို့ စုံနံ့သာမြိုင်မှာလည်း တောလီဒါ (Leader) တော့ ရှိတာပဲမဟုတ်လား"

"ဟုတ်… ရှိပ့ါ"

"ဒါဆို သတ္တဝါအပေါင်းရဲ့ အရှင်သခင်ဆိုပြီး သူ့ကိုမြင်တာနဲ့ သိအောင် အဆောင်အယောင် မရှိကြဘူးလား"

"ရှိတယ်လေ"

"ရှိရင် ဘယ့်နှာကြောင့် ကျုပ်တို့ကို အပြစ်ဆိုချင်ရသတုန်း အဆွေရဲ့"

"အပြစ်လို့မဆိုပါဘူး နည်းနည်းများတယ်ပြောတာပါ။ ကျုပ်တို့ တိရစ္ဆာန် လီဒါတွေက အဆောင်အယောင်တစ်ခုတည်း"

သောက်ပလုတ်တုတ်။ အံ့ပါရဲ့။ တောဘုရင်၊ တိရစ္ဆာန်လီဒါ၊ စုံနံ့သာမြိုင် ခေါင်းဆောင်တွေမှာက မင်းမြောက်တန်ဆာက တစ်ခုတည်းတဲ့။

"ဘယ့်နှာသို့ အဆောင်အယောင်တုန်း သာလိကာကြီးရဲ့"

"ဆရာကြီးဂျက် အံ့သြသွားမယ်။ လိုက်ပြမယ်လေ ကျုပ်တို့ တိရစ္ဆာန်

mgyoe.com

ပြတိုက်ထဲမှာ။ လာ သွားစို့"

သြော်… ရောက်ခဲ့ရပြန်ပါပေါ့၊ တောပြတိုက်ရှိရာ။

(နှစ်)

တောဘုရင် တောအရှင် တောသခင် အဆက်ဆက်တို့ ကိုင်စွဲတော်မူခဲ့ကြသည့် မင်းမြောက်တန်ဆာ တစ်ပါးတဲ့။

ကလပ်၊ ငွေကလပ်။ ယင်းငှင်းအပေါ်မှာက ကြက်သွေးရောင် ကတ္တီပါစကလေး။ အဲသည့် ကတ္တီပါစကလေးပေါ်မှာမှ မင်းမြောက်တန်ဆာ တစ်ပါးကို တင်ထားတာ။ ကတ်ကြေး။

ဟုတ်သဗျ။ ကတ်ကြေး။ ဘုရားစူး မိုးကြိုးပစ် ကတ်ကြေး။ ရှိကြီးခိုးပါရဲ့ ကတ်ကြေး။ တောခေါင်းဆောင်တို့ရဲ့ တစ်ခုတည်းသော မင်းမြောက်တန်ဆာတဲ့။

"အဲသည်ကတ်ကြေး တစ်လက်နဲ့ အလုပ်ဖြစ်ပါသော်ကော ဂျက်ဆရာငဲ့လေ"

သာလိကာကြီးနဲ့ မျောက်ဝံကြီးက ဂျက်ကို တောလီဒါအဆက်ဆက်တို့ရဲ့ မှတ်တမ်းဓာတ်ပုံတွေ ပြပါတယ်။

တောလီဒါခြင်္သေ့တိရစ္ဆာန် မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်တဲ့။ ခြင်္သေ့က ကတ်ကြေးကို ကိုင်လို့။ ပူဖောင်းတွေလည်း ပါရဲ့။

တောလီဒါ ကြံ့ကြီးတိရစ္ဆာန် ကိုယ်ထူကိုယ်ထ ဆေးခန်းဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်တဲ့။ ကြံ့ကြီးက ကတ်ကြေးကို ကိုင်လို့။ ဒါလည်း ပူဖောင်းတွေနဲ့ပါပဲ။

တောလီဒါ ကျားတိရစ္ဆာန် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်တဲ့။ ကျားက ကတ်ကြေးကို ကိုင်လို့။ ဒါလည်း ပူဖောင်းတွေနဲ့ပါပဲ။

တောလီဒါ မြွေခွေး ကြင်စဦးဖွတ်မောင်နှံ၏ မင်္ဂလာဆွမ်းကျွေးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်တဲ့။ လွင့်တက်သွားတဲ့ ပူဖောင်းတွေကို ကတ်ကြေးကိုင် မြွေခွေးက ပြုံးပြုံးကြီး မော့ကြည့်နေတဲ့ပုံနဲ့။

mgyoe.com

mgyoe.com


တောလီဒါဆင်ကြီး ခြသေ့်၏သမီး စားသောက်ဆိုင်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်တဲ့။ ခွက်ကိုယ်စီ ကိုင်မြှောက်ထားတဲ့ သတ္တဝါတွေက ပူဖောင်းတွေကြားမှာ ဝူးဝူးဝါးဝါးနဲ့ အော်ဟစ်နေတာကို ဆင်ကြီးက ကတ်ကြေးကိုင်ရင်းက ပြုံးပြုံးကြီး လှမ်းကြည့်နေတဲ့ပုံနဲ့။

## (သုံး)

သာလိကာကြီးပြောတာကို ဂျက်ဆရာ အခုမှ သဘောပေါက်ပါရဲ့။ တောမှာ မင်းမြောက်တန်ဆာငါးပါး မလိုဘူးဆိုတာ။ ကတ်ကြေးတစ်လက်ရှိရင် တောလီဒါ လုပ်လို့ရသတဲ့။ တစ်ကောင်ဆင်း တစ်ကောင်တက် ကတ်ကြေးနဲ့ပဲ ခရီးဆက်ခဲ့ကြတဲ့ဥစ္စာ။ ။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ထိရှောင်
# တွေ့ရှုံး
# ရယ်မောကြပါသည်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ပိုရှောင် တွေ့ဆုံး ရယ်စရာ ကြုံပါသည်

mgyoe.com

mgyoe.com

# တိရစ္ဆာန်တွေလည်း ရယ်တတ်ကြပါသည်

## (တစ်)

ပါဠိလိုကတော့ ဟသသရသလို့ ခေါ်ကြလေသဗျ။ မြန်မာမှုပြုကာ ခေါ်တော့ ဟာသပေါ့။ လွယ်လွယ်ပြောရရင် ရယ်ရွှင်ဖွယ်ရာတွေပါပဲဗျာ ရယ်။ အတီး၊ အမှုတ်၊ အခုန်၊ အက၊ ဝတ္ထု၊ ကဗျာ အဲသဟာတွေကို ခံစားပြီးတဲ့သကာလ ခင်ဗျားပါးစပ်ကြီး ပြဲသွားပြီး ပြုံးစိစိ ပြုံးဖြဲဖြဲ ပြုံးစ နဲ့နဲ့ ဖြစ်သွားခဲ့ပြီဆိုရင် သေချာပါတယ်။ အဲသဟာ ခုနကပြောလိုက်တဲ့ ဟာသပဲပေါ့။

အနို့ဟာသဆိုလို့ ရယ်မောတဲ့ အကြောင်းကလေး တွေးမိတော့ စကြ ဝဠာအနန္တ၊ သတ္တဝါအနန္တ အဘယ်သူတွေက ရယ်မောကြသတုန်းဗျာလို့ မေးခွန်းကလေး ထုတ်ကြည့်မိတော့ ရယ်တတ်၊ ပြုံးတတ်ကြတာဆိုလို့ လူတွေပဲရှိသဗျ။ ဟုတ်တယ်နော်။ ရယ်တတ်ကြတာလည်း လူတွေ၊ ရယ်ဖို့ ကောင်းတာကလည်း လူတွေ။

အဲ··· လူတွေ ဘယ်အခါမှာ ရယ်သတုန်း၊ ရယ်စရာကောင်းတာ ဘယ်နှမျိုးရှိသတုန်းလို့ဆိုရင် ဘယ်လိုဖြေကြမယ်မသိ။

တချို့ကတော့ ရယ်ခြင်းသုံးပါးရှိတယ် ပြောကြတာပါပဲ။ နံပါတ် တစ်က မယားရယ်လေသတဲ့။ သူတစ်ပါးနဲ့ရတဲ့ ကလေးကို ကိုယ့်ရင်သွေး ထင်ပြီး ချီပိုးပွေ့ပိုက်နမ်းရှုပ်နေတဲ့ ယောကျ်ားကိုကြည့်ကာ အနှီးမိန်းမက

mgyoe.com

mgyoe.com


ရယ်လေသတဲ့။ နံပါတ်နှစ်က မြေက ရယ်တာဆိုလား။ ငါ့မြေ ငါ့ယာ ငါ့လယ် ငါ့ကိုင်းဆိုပြီး ကိုယ်တစ်နေ့သေမှာကို မေ့နေတဲ့လူတွေကို ကြည့်ကာ မြေက ရယ်လေသတဲ့။ နံပါတ်သုံးက ရွှေငွေရတနာတွေရဲ့ ရယ်မောခြင်းတဲ့။ ရန်သူမျိုးငါးပါးက ဖျက်ရင်ပျက်မယ်ဆိုတာ မသိ၊ ကိုယ်သေရင် ထားခဲ့ရမယ်ဆိုတာကို မသိဘဲ ယင်းငှင်းတို့ကို တပ်မက်နေတဲ့အခါ အဲသည့်လူတွေကို ကြည့်ကာ ရွှေငွေရတနာတို့က ရယ်ပါလေသတဲ့။ အဲသဟာ ရယ်စရာကောင်းတဲ့ အရာသုံးပါးရယ်လို့ အဘယ်ပညာရှင်မှန်းမသိ ပြုစုခဲ့တဲ့ ဘာဘုတ်အုပ်ကြီးထဲမှာလည်း မသိ ဂျက်ကွမ်းခြံကုန်း ဖတ်ဖူးမိခဲ့ပါရဲ့။

မယားရယ်တယ်လို့ဆိုတဲ့အခါ မယားက လူမို့လို့ ထားပါတော့။ မြေတွေ၊ ရွှေတွေကပါ ရယ်တယ်ဆိုတာကြောင့် အသက်မရှိတဲ့ အရာဝတ္ထုတွေကပါ ရယ်တတ်၊ ပြုံးတတ်တယ်ဆိုတဲ့ သဘောပေါ့။ ထား။

အခုဟာက စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တချို့ပါ ရယ်နေကြပြီလို့ ပြောချင်တာပါ။

## (နှစ်)

နေဦးခင်ဗျ။ ရယ်ရွှင်ဖွယ်ကောင်းတဲ့ကိစ္စ ဆယ်မျိုးဆိုတာလည်း မိမိ ကျွန်ုပ်မှတ်သားခဲ့ဖူးသေးတယ်။ နည်းနည်းလောက် ဖောက်သည်ချပါရစေဦး။

ဉာဏ်ပညာကြီးတဲ့သူက လူပုံအလယ်မှာ စကားမှားပြောမိတာ ရယ်စရာတဲ့။ သူတစ်ပါးဆီမှာ ခ,စားနေရတဲ့သူက မာနကြီးနေတာဟာ ရယ်စရာတဲ့။ ဆင်းရဲမွဲတေနေသူက ကာမဂုဏ်လိုက်စားချင်တာဟာ ရယ်စရာတဲ့။ ချမ်းသာတဲ့သူက တွန့်တိုနေတာဟာ ရယ်စရာတဲ့။ ငြိမ်းအေးချမ်းသာနေရတဲ့သူက သူတစ်ပါးကို သွားပြီး ခ,စားနေတာ ရယ်စရာတဲ့။ ဇရာပိုင်းကို ရောက်နေတဲ့သူက တရားဓမ္မရှိရာ မသွားတာဟာ ရယ်စရာတဲ့။ ဘုရင်က မှူးဆိုးမတ်ဆိုးတွေနဲ့ ဖက်လဲတကင်း လုံးထွေးနေတာဟာ ရယ်စရာတဲ့။ အမျိုးမြတ်တဲ့သူက ပညာမသင်တာဟာ ရယ်စရာတဲ့။ ယောကျ်ားကောင်းမှန်ပါလျက် မိန်းမကြောက်ရတာဟာ ရယ်စရာတဲ့။ ပုဏ္ဏားမျိုးမှန်ပါလျက် အကျင့်ပျက်တာဟာ ရယ်စရာတဲ့။

mgyoe.com

mgyoe.com


ကန့်ကွက်ခြားနား၊ ဤဆယ်ပါးကို အမှားလူတွင် ရယ်ဖွယ်ထင်သည်၊ သည့်ပြင်ရယ်ဆေးရမည်ဝေး ဟူသတတ်။ ယင်း၄င်းဆယ်မျိုးမှ တစ်ပါး အခြားကိစ္စ၌ ရယ်ဖွယ်မရှိဆိုတဲ့ အဓိပ္ပာယ်။

လူတွေများ စနစ်ကျလွန်းလိုက်တာ။ ရယ်စရာသုံးပါးဖြစ်ရတာနဲ့၊ ရယ်စရာဆယ်ပါးဖြစ်ရတာနဲ့။ အဲသည့်အပြင် အမှုကိစ္စပေါင်း ထောင်သောင်း ကုဋေကုဋ္ဌာ မရယ်ကြရတော့ဘူးတဲ့လား ခင်ဗျာ။

ထားပါ။ အခုပြောချင်နေတာက တိရစ္ဆာန်တွေ ရယ်ကြတဲ့အကြောင်း ကို လူတွေနဲ့ နှိုင်းယှဉ်ပြီး ပြောချင်နေတာပါ။

အဟုတ်ပြောတာ။ တိရစ္ဆာန်တွေကလည်း ရယ်တတ်တယ်ဆိုတာကို အခုမှ သိလာရတာ။ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တချို့ ရယ်နေတာကို ဂျက်မျက်စိနဲ့ တပ်အပ်သေချာ မြင်လိုက်ရတော့မှ သင်းတို့လည်း ရယ်တတ် ကြပါကလားလို့ လက်သင့်ခံလိုက်မိတာ။ အဘယ်အရာက ရယ်စရာလဲ ဆိုတဲ့နေရာမှာတော့ လူတွေနဲ့ မတူခြားနားတာလေးတွေ ရှိမပေါ့။

## (သုံး)

သတ္တဝါကလေးတွေက ရယ်သဗျ။ ဘဇာ့ကြောင့် ရယ်တယ်မှတ် သတုန်း။ သတင်းစာဖတ်ပြီး ရယ်တာ။ ဟုတ်တယ် တိရစ္ဆာန်ဒေးလီးသတင်း စာကို ဖတ်ပြီး ရယ်တာ။

တိရစ္ဆာန်မားကတ် (Market) အတွင်းရှိ ဟင်းသီးဟင်းရွက် သစ်သီး ဝလံများ ရောင်းချနေသည့် ဆိုင်ရှေ့၌ ဈေးဝယ်သူ တောသတ္တဝါများဖြင့် ပြည့်နှက်နေသည့်အခိုက် ဂျူဝယ်နေသည့် သိုးကြီးကို အနီးကပ်၍ သေနတ် ဖြင့် ပစ်ခတ်လုပ်ကြံကာ ထွက်ပြေးသည့် တောကြောင်ကို ငွေပေး၍ စေခိုင်း သူ ဝံပုလွေသည် ငွေပေးငွေယူလုပ်စဉ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးထား ခြင်းမရှိသဖြင့် အမှုမှ ကွင်းလုံးကျွတ်လွတ်လိုက်ကြောင်း စီရင်ချက်ချ။ အဆိုပါသိုးကြီးသည် Jungle Law ခေါ် ကြီးနိုင်ငယ်ညှဉ်း တောကြီးမျက် မည်း ဥပဒေသတချို့ကို ပြင်ဆင်ရန် ကြိုးစားနေသည့် သတ္တဝါကြီးဖြစ်သတဲ့။

အဲသည့်သတင်းကို ဖတ်ပြီး တိရစ္ဆာန်ကလေးတွေ ရယ်ကြတာ။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ပုတတ်၊ ယုန်၊ ခါ၊ ရှဉ့်ကလေးတွေပါ

mgyoe.com

မကျန် ရယ်ကြတာတဲ့။ သူ့ကိုယ်ကြည့်၊ ကိုယ့်သူကြည့်နဲ့တဲ့။ တောသတင်းစာဖတ်ပြီး တခွိခွိနဲ့ခင်ဗျ။

မူးယစ်ဆေးဝါး ဒိုင်ချုပ်ကြီးဘဝဖြင့် ကြီးပွားချမ်းသာကာ မကြာမီက မိမိအမှားကိုမိမိ ခဝါချပြီး တောမိတောဖအဖြစ် ဆောင်ရွက်နေသူဆင်ကြီး၏ ခြံဝင်းအနောက်ဘက် မုန်လာခင်းနံဘေးတွင် ယုန်ကလေးတစ်ကောင်၏ လက်တွင်း၌ ဆေးခြောက်တစ်ပဲသား ဖမ်းမိသဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်သတဲ့။ အဲသည့်သတင်း သတင်းစာမှာပါလာတော့လည်း တိရစ္ဆာန်ကလေးတွေက တခွိခွိနဲ့ ရယ်နေကြတာပါပဲလေ။

တောကို နှစ်ပေါင်းများစွာ ခုန်အုပ် ကိုက်ခဲစိုးမိုး အုပ်ချုပ်လာသည့် ခြင်္သေ့အိုကြီးသည် အနားယူပြီးသည့်သကာလ သက်သတ်လွတ်စားခြင်း၊ တရားမှတ်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊ တရားဓမ္မဆိုင်ရာ ဘုတ်အုပ်ခပ်ထူထူကြီးများကို ဒလဟောဖတ်ခြင်းများဖြင့် ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းလျက်ရှိသတဲ့။ ရယ်တာပဲပေါ့။ ခွိခွိတွေရော၊ ခွီးခွီးတွေရော၊ ပြဲခနဲတွေတောင်မှ ပါလိုက်သေး။

အဲ··· ထားတော့။ ဒါက သတ္တဝါငယ်ကလေးတွေက ရယ်တာ။ အကောင်ကြီးကြီး အမြီးရှည်ရှည်ကြီးတွေကတဲ့ကော၊ ရယ်တာပါပဲခင်ဗျ။ ဘာသားနဲ့ ထုထားတာမှတ်လို့။

## (လေး)

တောလီဒါအပေါင်းကြီးတွေ ရယ်တာကလေး ပြောပြချင်သေးတယ်။

ဗုံးပေါက်တာခင်ဗျ။ တောထဲမှာ တစ်ရက်တည်းနဲ့ သုံးနေရာ။ တောဈေးထဲမှာ တစ်လုံး။ အုန်းခနဲပေါ့။ တိရစ္ဆာန်ကလေးတွေ တော်တော်ထိကြတယ်။ နောက်တစ်လုံးက တိရစ္ဆာန်မူကြိုကျောင်းမှာ။ ဝုန်းခနဲ ဒိုင်းခနဲ။ သွေးအိုင်ထဲ လဲနေတဲ့ သတ္တဝါပေါက်စလေးတွေဆိုတာ မြင်ရက်စရာမရှိ။ အဲ··· နောက်တစ်လုံးက တောဘဏ်တိုက်။ ပွင့်ကိုထွက်သွားတာ။ သေတာပါပဲ ဘဏ်တိုက်က သတ္တဝါလေးတွေ။

ပြီးတော့ ရှိသေးတယ်။ နေ့ခင်းကြောင်တောင် တောလက်ဝတ်ရတနာ

mgyoe.com

mgyoe.com

ဆိုင်ထဲဝင်ပြီး အနုကြမ်းစီးသွားတာ။ တောကြောင်သုံးကောင်ဆိုတာပဲ မှတ်မိလိုက်တယ်။ ငိုလိုက်တာလေ။ ဆိုင်ရှင်လူဝံမကြီးဆိုတာ။

နေဦး တိရစ္ဆာန်ဈေးကြီး မီးလောင်တာ၊ ကျွဲတွေနဲ့၊ နွားတွေနဲ့ အုပ်စုလိုက် ခတ်ကြ၊ ဝှေ့ကြဖြစ်ကြတာ။

အဲသလိုအခါမျိုးမှာ ရယ်ကြတာတဲ့။ အသံတော့ မထွက်ဘူး။ ပြုံးပြုံးကြီး။ ခြင်္သေ့တဲ့၊ ကျားတဲ့၊ မြေခွေးတဲ့၊ ဝံပုလွေတဲ့၊ မိကျောင်းတဲ့။ အရင်က တောလီဒါအဟောင်းကြီးတွေ။ တောဒုက္ခကို သဘောအဟုတ်ကျနေကြဆိုလား။ မှတ်ပလား ငါတို့ကို ဟင့်အင်းလုပ်တဲ့ တောဆိုတဲ့ အပြုံးမျိုးတွေနဲ့တဲ့။ ပြောရတော့ တော်တော်ခက်ပါတယ်။

(ငါး)

အေးပါလေ။ လူတွေရယ်တဲ့အရာနဲ့ တိရစ္ဆာန်တွေရယ်တဲ့အရာ ကွာတော့ကွာမှာပဲပေါ့။ မဟုတ်ဘူးလား။ ။

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# နှုချင်နှ ရင့်ချင်ရင့် တောထဲက ဘူးသီး

## (တစ်)

ထူးလည်းထူးတဲ့ သည်မြို့×××ခရီးဝေးလွန်းလို့ လူသူမရောက်နိုင်ဆိုတဲ့ စုံတောမြို့သီချင်းစာသားထဲကအတိုင်း ကျနေတော့တာပါပဲ။ တော်တော့်ဆိုမှ တော်တော်ကြီးကို ထူးတဲ့မြို့ပါပဲဗျာရယ်။ စုံနံ့သာမြို့တဲ့။ တောကြီးရဲ့ နာမည်က။ တောတိရစ္ဆာန်တွေ ခြေတစ်လှမ်း မလှမ်းလိုက်နဲ့။ လှမ်းတာနဲ့ အံ့မခန်းစရာတွေက တသီတတန်းကြီး ဖြစ်ကျန်နေခဲ့တော့တာပါပဲ။

သစ်ပင်မှာ ကပ်ထားတဲ့ အမိန့်ကြော်ငြာစာကကြည့်။

သွားကြားထိုးတံဆိုင်ရာ အမိန့်ကြော်ငြာစာတဲ့။ ဤရဂုံဂနိုင် မဟာစုံတောမြို့ကြီးအတွင်း၌ သွားကြားထိုးတံများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ မပြုရ။ အကယ်တန္တု ယခုအမိန့်ကို ဖီဆန်ကာ ဖီလာကန့်လန့်ပြုငြားအံ့။ တော၏ ဥပဒေသနှင့်အညီ ပြင်းထန်သော ပြစ်ဒဏ်ကို ခံကြရမည်ဖြစ်ကြောင်းဟူလိုတဲ့။ ပုံ– တောအုပ်ချုပ်ရေးအဖွဲ့ဆိုတာက ပါလိုက်သေး။

"သွားကြားထိုးတံက
ဘယ့်နှာဖြစ်လို့တုန်း
ဖိုးကွက်ကြီးရဲ့"

mgyoe.com

တောအုပ်ချုပ်ရေးအဖွဲ့ကို အကြံကောင်း ဉာဏ်ကောင်းတွေ ပေးနေတဲ့ ဇီးကွက်ကြီးနဲ့ တွေ့တဲ့အခါ ဂျက်ကွမ်းခြံကုန်းက သို့ကလို မေးမြန်းသမှု ပြုမိပါရဲ့။

"ဩော်… ခက်ကပြီ
ကော်ရပ်ရှင်ဗျ
ကော်ရပ်ရှင်
သိုးဆောင်းစကားမှာ
Corruption
ဆိုတာ ကြားဖူးမှာပ
ခြစားတယ်ဆိုလား
လာဘ်စားတယ်ဆိုလား
တောကောင်းဖို့က
အဲသဟာကြီးကို
တိုက်ဖျက်ပစ်ရ
မယ်လေဗျာ"

ဇီးကွက်ကြီးက ကြိုးတန်းလန်းချိတ်ထားတဲ့ ရွှေကိုင်းမျက်မှန်အပေါ်ကနေ ဂျက်ကို ကျော်ကြည့်ကာ အနို့ကလိုပြောပါတယ်။ မပြီးဘူး။ သူက စကားကို ဆက်သေးတာ။

"Corruption
Perceptions
Index တဲ့
ကော်ရပ်ရှင်
ပါဆက်ပ်ရှင်
အင်ဒက်ခေါ်မှာပေါ့
ခြစားမှုအညွှန်းကိန်းဆိုတာ
ကျုပ်တို့တောက
တိုင်းပြည် ၁၇၂ ခုမှာ
နံပါတ် ၁၇၂

mgyoe.com

mgyoe.com

ဖြစ်နေတာဗျ

အဲသဟာကို

တိုက်ဖျက်ပစ်မှာ''တဲ့။

ဂျက်က ဖိုးကွက်ကြီးကို ပြန်မေးရပါတယ်။ အကျင့်ပျက်တာကို တိုက်ဖျက်တာနဲ့ သွားကြားထိုးတံအမိန့်နဲ့ ဘဇာပတ်သက်ပါသတုန်းလို့။ ရယ်တာမှ အူလှိုက်သည်းလှိုက်။ ရယ်ပြီးမှ ဖိုးကွက်က ဖြေတာ။

''စားတယ်လေ

အလွန်အကျွံ

စားတယ်လေ

အဲသဟာမှ

သွားကြားညပ်တာ

တိရစ္ဆာန်ဖြစ်ပြီး

သွားကြားထိုးတံ

တကိုက်ကိုက်နဲ့

လာဘ်ပေးလာဘ်ယူအစ

သွားကြားထိုးတံကဗျ

အစားကြူးလို့

အနို့ကလိုဖြစ်ရတာ

အဲသဟာကြောင့်

တောမှာ

သွားကြားထိုးတံ

အမိန့်ထုတ်ပြန်တာ''

သူ့ယုတ္တိဗေဒနဲ့ သူတော့ ကွင်းဆက်ကဖြင့် မိနေသား။ ဘာပဲဖြစ်ဖြစ် လူတွေအဖို့တော့ တောထဲကအမိန့်က ဆန်းနေကြောင်းဟူလို။

## (နှစ်)

တစ်လလောက် ဒါမှမဟုတ် တစ်လစွန်းစွန်းလောက် မရှိတရှိ ကျတော့ နဂိုမူလကမှ ပြူးနေတဲ့ မျက်လုံးကြီးကိုပြူကာ ဖိုးကွက်ကြီး ဂျက်ဆီ

mgyoe.com

mgyoe.com

ရောက်လာပါတယ်။

"ဗျို့… ဆရာကြီးဂျက်
တောမှာ အမိန့်
ကြော်ငြာစာအသစ်
ထုတ်တော့မတဲ့ဗျ"

အမိန့်ကြော်ငြာစာအသစ်ဆိုတာကြောင့် ဂျက်လည်း နည်းနည်းကလေး လှုပ်သွားပါတယ်။ ဘဇာများ အမိန့်ကြော်ငြာစာ ထုတ်ရပြန်ပါလိမ့်ပေါ့။ ဖိုးကွက်က မမေးဘဲနဲ့ကို ဆက်ဖြေနေတာပါ။

"ခြစားမှု
ဆန့်ကျင်ရေး
လာဘ်ပေးလာဘ်ယူ
တိုက်ဖျက်ရေး
အမိန့်ပဲခင်ဗျ"တဲ့

ဖိုးကွက်ရဲ့ လက်ထဲကို လှမ်းကြည့်တော့ အမွှေးနံ့ထွက်နေတဲ့ ရောင်စုံ ဖိတ်စာကလေးတွေက အထပ်လိုက်။ လေး၊ ငါး၊ ဆယ်ခုလောက် ရှိမယ် ထင်ပါရဲ့။ မင်္ဂလာဆောင်ဖိတ်စာတွေများလား မသိ။

"တောကို
စိုးမိုးအုပ်ချုပ်
ကွန်ထရိုး (Control)
လုပ်နေတဲ့ သတ္တဝါတွေ
ယခု အမိန့်ထုတ်တဲ့
တပေါင်းလဆုတ်
ရှစ်ရက်ကစလို့
သားတို့ သမီးတို့ရဲ့
မင်္ဂလာဆောင်ကို
ဘဇာအကြောင်းနဲ့မှ
မလုပ်ရဘူး
ဆိုတဲ့အမိန့်ခင်ဗျ"

mgyoe.com

mgyoe.com

ထင်တဲ့အတိုင်းပဲ။ မျက်စိကြီး၊ နားကြီး ဖိုးကွက်က တောသတင်းကို ဖောက်သည်ချတာ။ သူက ဒေါင်းမလေးဦးဆောင်တဲ့ တောအုပ်ချုပ်ရေးအဖွဲ့ကို အကြံကောင်း ဉာဏ်ကောင်းတွေ ပေးနေတဲ့ ငှက်မဟုတ်လား။

ဟိုးအရင်တစ်ခေတ် တောကို မြေခွေးကြီး ဦးဆောင်တုန်းက ကျားသမီးက မင်္ဂလာဆောင်လိုက်၊ ခြင်္သေ့သားက မင်္ဂလာပွဲ ဆင်နွှဲလိုက်၊ ဝံပုလွေရဲ့ သမီးကြီးက ဒုတိယအကြိမ် အာဝါဟ ဝိဝါဟသဘင် ဗုံချီးလိုက်နဲ့ ကြောက်ရတဲ့ သတ္တဝါကလေးတွေခမျာတို့ မင်္ဂလာဆောင်မှာ ဘယ်အကောင်လာ၊ မလာ၊ လက်ဖွဲ့ပစ္စည်း ဘယ်လောက်ပါ၊ မပါဆိုတာကို မင်္ဂလာပွဲခန်းမအပေါက်ဝကနေ စောင့်ကြည့်နေတဲ့ သတ္တဝါကြီးတွေရဲ့ ရှေ့မှောက်မှာ ကြောက်ကြောက်နဲ့ လက်ဖွဲ့ခဲ့ကြရတာမို့ ဒါဟာ လာဘ်ပေးလာဘ်ယူပွဲကြီးပဲလို့ ဆိုကာ တိရစ္ဆာန်လီဒါကြီးတွေ နာမည်ပျက်ခဲ့ရတာကို စုံနံ့သာမြိုင်ဘစ်တောလုံး အသိ။

ဒါကြောင့် ဒေါင်းမလေးတို့ခေတ်မှာ ငါတို့တော့ လက်မဖွဲ့ကြရတော့ဘူးလို့ဆိုကာ နှလုံးစိတ်ဝမ်း အေးချမ်းသွားရတဲ့ တောကြီးဟာ ဟောအခု တိရစ္ဆာန်ခေါင်းဆောင်တို့ရဲ့ သားသမီးများ မင်္ဂလာမဆောင်ရဆိုတဲ့ အမိန့်ထုတ်ပြန်လာတာကြောင့် အာဝါဟဝိဝါဟ အန္တရာယ်တစ်ကျော့ပြန်လာပုံရပါရဲ့။

“ဘယ့်နှာကြောင့်
အနီးအမိန့်
ထုတ်ရပြန်ပါလိမ့်”

ဂျက်က သို့ကလို မေးတော့ ဖိုးကွက်ကြီးက လက်ထဲက ဖိတ်စာတွေ လှမ်းပေးပါတယ်။ ဖတ်ကြည့်ဆိုပါတော့။

ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆင်ကြီး၏ သားကြီးဆင်ဒွန်ရဲရင့်နှင့်…။ လွှတ်တော်ကိုယ်စားလှယ် နွားကြီးကြာဖြူ၏ သမီးလတ် သဇင်ဂေါဏာတို့၏…။ အဏ္ဏဝါရေးရာဝန်ကြီး မိကျောင်း၏ သားငယ် ယမုန်ကျော်စွာနှင့်…။ မိုးလေဝသနှင့် ဇလဗေဒညွှန်ချုပ် တောက်တဲ့ကြီး၏ သမီးဒေဝေါကေရီတို့ကို…။ တိရစ္ဆာန်ပညာရေးဝန်ကြီး တောက်တဲ့၏ သမီးအဲဗားရက်စ် (Everyes)ကို…။

mgyoe.com

mgyoe.com


ဩော်··· ဒေါင်းမလေးတို့ အဝန်းအဝိုင်းမှာ သူ့နေရာနဲ့သူ လီဒါ လုပ်ကြသူတွေက သင်းတို့ သားသမီး အထီး၊ အမတွေကို ခါတော်မီအချိန် ကိုက် မင်္ဂလာသဘင် ဆင်နွှဲနေလိုက်ကြတာများ ဆိုတာ။

အဂတိတရား လိုက်စားမှုကလည်း လွတ်၊ လာဘ်ပေးလာဘ်ယူတယ် လို့လည်း မဆိုသာ၊ ခြစားမှုထဲမှာလည်း စာရင်းမဝင်၊ အခွန်ဆောင်ဖို့ရာ လည်း အလျှင်းမရှိ။ သပိတ်ဝင်အိတ်ဝင်စီးပွားဖြစ် မင်္ဂလာသဘင်။ လက်ထပ် မင်္ဂလာဆိုတာ တောထဲမှာ စီးပွားရေးလုပ်ငန်းတဲ့။

ဘာပဲဖြစ်ဖြစ် ယခု တပေါင်းလဆုတ် ရှစ်ရက်ကစ၊လို့ တောလီဒါ လုပ်ချင်ရင် ကလေးတွေကို မင်္ဂလာမဆောင်ပေးရဘူးလို့ မှတ်တဲ့။ ဒေါင်းမ လေး အမိန့်တဲ့။

တောလီဒါတွေ မနှောမကြည်မသာနဲ့ ပွစိပွစိဖြစ်လို့။ တချို့တောလီဒါ တွေက အရွယ်ရောက်ရောက်၊ မရောက်ရောက် အကောင်ပေါက်ကလေး တွေကအစ မင်္ဂလာဆောင်ပေးဖို့ စိုင်းပြင်းနေကြတာကိုး။ စီးပွားဆိုတာမျိုးက မျက်နှာသာပေးတုန်း ရှာထားရတာမျိုးဥစ္စာ။ ။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မြောင်အထပ်ထပ်မှာ ပြောင်စပ်စပ်မလုပ်ကြေး

## (တစ်)

လေအတိုက်မှာ ကြွေလိုက်တဲ့ သစ်ရွက်တွေများဗျာ ဖွေးဖွေးကို လှုပ်လို့။ ရိုးတံပြိုင်းပြိုင်း သစ်ပင်သစ်ကိုင်းတွေနဲ့။ စုံနံ့သာမြိုင်ဟာ တစ်နှစ်ပြီးတစ်နှစ် ပိုပိုပြီး ပူချစ်လို့လာလိုက်တာ။

''ပူလိုက်တာဗျာ အဆွေတို့တောက''

အနို့ကလိုကလေးမျှသာပဲ ဂျက်ကွမ်းခြံကုန်းက ညည်းတွားမိတာပါ။ မျက်နှာတွေများ ပျက်သွားလိုက်ကြတာများဆိုတာလေ။ ဘယ်သတ္တဝါတွေရှိရမတုန်း။ ဂျက်နဲ့ တောင်မြောက်လေးပါး စကားထိုင်ပြောနေကြတဲ့ ဇီးကွက်ကြီးတစ်ကောင်ရယ်၊ မျောက်ဝံကြီးတစ်ကောင်ရယ်၊ သိုးကလေးတစ်ကောင်ရယ်။ အကုန်လုံး မျက်စိပျက်၊ မျက်နှာပျက်။ ဘေးဘီဝဲယာ တောင်ကြည့်၊ မြောက်ကြည့် တစ်ခုခုကို စိုးရိမ်မိတဲ့ မျက်နှာထားတွေနဲ့။

''အနို့ နေပါဦး ပူလို့ပူပါတယ် ပြောမိတာ။ ဘဇာကိုများ အဆွေတို့က စိုးရိမ်ထိတ်လန့် ပူပင်ကြောင့်ကြ သောကဖြစ်နေရသတုန်းဗျာရယ်''

အဲသလိုပဲ ဂျက်က ပြောချလိုက်မိတော့တယ်။ မှတ်ကရော။ အဲသမှာ ကျတော့မှ မျောက်ဝံကြီးက သူ့နှုတ်ခမ်းရှေ့မှာ လက်ညှိုးကလေး ကန့်လန့်ခံကာ ရှူးတိုးတိုးဆိုတဲ့ အမူအရာမျိုးနဲ့ စကားကို ခပ်တိုးတိုးပြောတာပါ။

''တောခေါင်းဆောင်တွေကို အကြည်ညိုပျက်အောင် ပြုမှု''တဲ့။

mgyoe.com

mgyoe.com


အောင်မယ်လေး မြတ်စွာဘုရား။ ကြီးလေးလိုက်တဲ့ ပြစ်မှု။ ပူတာကိုတောင် ပူတယ်လို့ မပြောရတော့ဘူးတဲ့လား ဗျာတို့။

"ပူတယ်ဆိုတော့ တောဟာ နေဖို့မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်။ သည်တော့ တောခေါင်းဆောင်တွေ အသုံးမကျလို့ဆိုတဲ့ အဓိပ္ပာယ်။ ဒါကြောင့် တောခေါင်းဆောင်တွေကို အကြည်ညိုပျက်အောင် ပြောသလိုဖြစ်နေတယ်။ စကားကို ဆင်ခြင်ပါ ဆရာကြီးဂျက်ရဲ့"

ပြင်းထန်လိုက်တဲ့ တောဥပဒေ။ တောခေါင်းဆောင်ကြီးတွေကို ချစ်ခင်တွယ်တာ မြတ်နိုးကြည်ညိုမှု ကတိမ်းကပါး မဖြစ်စေရေး ဥပဒေတဲ့။

မယုံနိုင်ပါဘူးဗျာရယ်။ ဂျက်ကွမ်းခြံကုန်း မယုံနိုင်ပါဘူး။ ဟုတ်ပါ့မလားဗျာလို့ ပြောမိတော့ ဇီးကွက်ရော၊ မျောက်ဝံရော၊ သိုးရော သုံးကောင်စလုံးက စိတ်မရှည်တဲ့အမူအရာတွေနဲ့ အနီးဆုံး သစ်ပင်ကြီးတစ်ပင်မှာ လိုက်ပြမတဲ့။

သြော်... အိမ်ခြေငါးဆယ်ရှိတဲ့ရွာမှာ ကျောက်စာတိုင်တစ်တိုင် လိုက်စိုက်တဲ့ ပုဂံခေတ်က ကျစွာမင်းကြီး ကျနေတာပဲ။ စုံနဲ့သာဖြိုင်ကလည်း ဥပဒေအသစ် ပြဋ္ဌာန်းပြီဆိုတာနဲ့ သစ်ပင်ကြီးတွေမှာ လိုက်ကပ်တော့တာ။ ဒါမှ သတ္တဝါအနန္တ မြင်ကြ၊ တွေ့ကြရမှာကိုး။

## (နှစ်)

ဟုတ်သဗျ။ မမှားဘူး။ ဇီးကွက်တို့၊ မျောက်ဝံတို့၊ သိုးတို့ ပြောတဲ့အတိုင်းပဲ။ သစ်ပင်မှာ ဥပဒေထုတ်ပြန်ချက်စာရွက်။ ထင်းထင်းရှင်းရှင်းကြီး။

တောခေါင်းဆောင်ကြီးများအပေါ် ချစ်ခင်တွယ်တာ မြတ်နိုးကြည်ညိုမှု ကတိမ်းကပါး မဖြစ်စေရေး ဥပဒေတဲ့။ နှုတ်နဲ့ပြောတာ၊ စာနဲ့ရေးတာ၊ အမူအရာနဲ့ သရုပ်ဆောင်တာ၊ လက်နဲ့အရုပ်ရေးတာ၊ မျက်လုံး၊ အပြုံး၊ မျက်နှာအမဲ့အရွဲ့ကအစ မထိတထိ၊ ကလိတိတိ၊ ရိတိတိ လုပ်သည်ဟု ယူဆရသော် ထောင်ဒဏ်တစ်သက်တဲ့။

သောက်ပလုတ်တုတ်။ အဆွေတို့ စုံနဲ့သာဖြိုင်က မကြမ်းလွန်းဘူးလားလို့ ဂျက်က မေးမိတော့ အဲဒီသတ္တဝါသုံးကောင်က မနက်ဖြန် တိရစ္ဆာန်

mgyoe.com

mgyoe.com


တရားရုံးမှာ အမှုစစ်တာကလေး လာကြည့်ပါလားတဲ့။ ဗဟုသုတပေါ့တဲ့။

အဲဒါနဲ့ တိရစ္ဆာန်တရားရုံးရှိရာ ရောက်သွားခဲ့ရပြန်ပါလေရော။

(သုံး)

တရားခွင်ထဲမှာ တရားသူကြီးက ဖွတ်ကြီးပါပဲ။ လျှာနှစ်ခွ ပြူတစ်ပြူတစ်နဲ့ အမှုကို စစ်နေလိုက်တာ။

ပထမအစစ်ခံနေရတဲ့ သတ္တဝါက တောင်ဆိတ်ကလေး။ မုတ်ဆိတ်ဖွားရရားနဲ့။

"အနို့အမောင် တောင်ဆိတ်က အခင်းဖြစ်ပွားစဉ်မှာ ရုပ်မြင်သံကြား ကြည့်နေတယ်နော်"

"ဟုတ်ကဲ့"

"အဲ… ရုပ်မြင်သံကြားမှာ တောခေါင်းဆောင်က မိန့်ခွန်းလည်း ပြောနေတယ်နော်"

"ဟုတ်ကဲ့"

"ဒါဆို… ဘာကြောင့် အဲသည့်အချိန်မှာမှ ဗြဟဲဟဲဆိုပြီး ထ,ရယ် ရပါသတုန်း"

"ကိုယ့်အတွေးနဲ့ကိုယ် ရယ်စရာလေး ပေါ်လာလို့ပါ"

"ဒါဆို အချိန်လွဲပြီး ရယ်လေ… အမောင်တောင်ဆိတ်ရဲ့။ အခုတော့ ချစ်ခင်တွယ်တာ မြတ်နိုးကြည်ညိုမှုကို ယွင်းယိုအောင် လုပ်ဘိသကဲ့သို့ ဖြစ်နေ"

တရားရုံးတစ်ရုံးလုံး တိတ်ဆိတ်လို့။ နောက်ထပ် အစစ်ခံရတဲ့ သတ္တဝါက မျောက်ကလေး။

"အမောင် မျောက်ငယ်၊ နာမည်"

"ဣန္ဒြေ"

"သတင်းစာကို ပုံမှန်ဖတ်ပါသလား"

"ဖတ်ကြောင်းပါ"

"သတင်းစာဖတ်စဉ် ဘာ့ကြောင့် တခွိခွိနဲ့ ရယ်သနည်း"

"သတင်းစာကို မရယ်ပါ။ ကိုယ့်အကြောင်းကိုယ် ရယ်ခြင်းပါ"

mgyoe.com

mgyoe.com


"ဒါဆို ဘယ့်နှာကြောင့် မိမိတစ်ကောင်တည်း မရယ်ဘဲ လက်ဖက်ရည်ဆိုင်ထဲ၌ သတ္တဝါပေါင်းစုံ ရှိနေကြစဉ် သတင်းစာကိုကြည့်ပြီး တခွိခွိနှင့် လုပ်နေရသနည်း"

စုံနဲ့သာမြိုင်ကို ချစ်ခင်၊ တွယ်တာ၊ မြတ်နိုး၊ ကြည်ညိုသမှု ဖျော့တော့ယွင်းယိုစေတဲ့ အမှုနဲ့ တရားစွဲခံရတဲ့ မျောက်ကလေး ဣန္ဒြေ ငိုင်ကျသွားလေရဲ့။

ဂျက် သဘောပေါက်ပြီ။

## (လေး)

ဂျက်က တောကြီးပူလို့ ပူတယ်ပြောတာကို သတ္တဝါကလေးတွေ မလုံမလဲဖြစ်ရတဲ့ အကြောင်းရင်းကို ဂျက် သဘောပေါက်ပြီ။

ပူလို့ပူတယ်ပြောတာ။ အေးလို့အေးတယ်ပြောတာ။ ရယ်စရာတွေ့လို့ရယ်တာ။ ပြုံးစရာတွေ့လို့ပြုံးတာ။ စားကျက်မြေတွေကျဉ်းလို့ ကျဉ်းတယ်ပြောတာ။ တောလမ်းက ကြမ်းလို့ကြမ်းတယ်ပြောတာ။ တောချောင်း၊ တောကန်တွေ ခန်းလို့ခန်းတယ်ပြောတာ။ အဲသဟာ တောခေါင်းဆောင်တွေကို ချစ်ခင်မြတ်နိုးတွယ်တာ ကြည်ညိုသမှု ယွင်းယိုအောင် ဥပါယ်တံမျဉ်နဲ့ လုပ်တာတဲ့။

အဲဒါကြောင့် လူတွေက တောကိုကြည့်ကြည့်ပြီး ပြုံးတာ။ တခွိခွိနဲ့။

❑


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# တောဘိုင်စကုပ်

## (တစ်)

စားရက်ကြဲ့တော့ မှတ်ဆိတ်ကို ပျားစွဲတယ်ဆိုတဲ့စကား ကြားဖူးကြမလား မပြောတတ်ဘူး။ ရေငတ်တုန်း ရေတွင်းထဲကျတဲ့။ အဲသည့်စကားပုံလည်း ကြားဖူးမယ်ထင်ပါရဲ့။ အဓိပ္ပာယ်ကတော့ ခပ်ဆင်ဆင်တွေပါပဲဗျာရယ်။

အခု ··· ဂျက်ကွမ်းခြံကုန်းက အနို့ကလိုအဖြစ်မျိုးနဲ့ လာပြီးကြဲ့နေရတာ။ နဂိုကတည်းက ဘိုင်စကုပ်တို့၊ ရုပ်ရှင်တို့လိုဟာမျိုးတွေကို ဝါသနာထုံလွန်းပါတယ်ဆိုမှ စုံနံ့သာမြိုင်တောထဲမှာ ရုပ်ရှင်နဲ့ လာတိုးနေပါလေရော။

တိရစ္ဆာန်တွေကလည်း ရုပ်ရှင်ရိုက်ကြလေသတဲ့ခင်ဗျ။ သင်းတို့ကလည်း ဝတ္ထုနဲ့၊ ဇာတ်ညွှန်းနဲ့၊ ဒါရိုက်တာနဲ့၊ သရုပ်ဆောင်နဲ့။ ထူးချွန်ဆုတွေ၊ ဘာတွေတောင်မှ ပေးကြလေသတဲ့။ လူတွေ နည်းနည်းလှုပ်တာနဲ့ တိရစ္ဆာန်တွေ အကုန်လိုက်လှုပ်တဲ့တော။ လူလုပ်သမျှ အကုန်လုံးလိုက်ပြီး တုပနေတဲ့ စုံနံ့သာမြိုင်တောကြီးပဲဟာကိုး။

အဲသတိရပြီ။ Animal Farm ဆိုတဲ့ ဓာတ်ရှင်ဇာတ်ကား။ စာရေးဆရာကြီး ဂျော့အော်ဝဲလ် (George Orwell)ရဲ့ ကမ္ဘာကျော်ဝတ္ထု။ ဆရာကြီးသခင်ဘသောင်းတောင်မှ ခြေလေးချောင်းတော်လှန်ရေးဆိုပြီး ဘာသာပြန်ဆိုသမှု ပြုထားခဲ့သေးတဲ့ဥစ္စာ။ အဲသဟာကို လူတွေရိုက်တဲ့ရုပ်ရှင်။ တိရစ္ဆာန်

mgyoe.com

mgyoe.com
တို့ရဲ့ကမ္ဘာလို့ ပြန်ဆိုရရင် ကောင်းလေမလားမသိ။ ဓာတ်ရှင်တစ်ကားလုံး လိုလို တိရစ္ဆာန်တွေချည်းပဲ။ လွတ်ကောင်းတဲ့ကား။

နေဦး ခေါင်းထဲပေါ်လာပြီ။ The Lion King လေ။ ဝေါ့လ်ဒစ္စနေ (Walt Disney)ကထုတ်တဲ့ ဇာတ်ကား။ ခြင်္သေ့ဘုရင်ဆိုတာ။ တစ်ကားလုံး တိရစ္ဆာန်ကာတွန်းဇာတ်ကောင်ကလေးတွေက သရုပ်ဆောင်သွားကြတာ။ ထိပ်တန်းနာမည်ကျော်ကားပေါ့။

Tom and Jerry ဆိုတဲ့ ကြောင်ကလေးတွမ်နဲ့ ကြွက်ကလေးဂျယ်ရီ ဆိုလည်း လူတွေချစ်တဲ့ တိရစ္ဆာန်ဇာတ်လမ်းတွဲတွေပဲပေါ့။

လူတွေနဲ့ တွဲရိုက်တဲ့ တိရစ္ဆာန်တွေထဲမှာ သခင်ပါမောက္ခကြီး ရစ်ချတ် ဂီရီ (Richard Gere) ပြန်အလာကိုစောင့်ရင်း ဂျပန်နှင်းတောထဲမှာ သေဆုံး သွားရရှာတဲ့ ခွေးကလေးဟာချိ (Hachi) အဖြစ်နဲ့ သရုပ်ဆောင်သွားခဲ့တဲ့ ခွေးကလေးဆိုရင် ထိပ်တန်းလူသရုပ်ဆောင်တွေ တွန့်သွားနိုင်တဲ့ တိရစ္ဆာန် ဇာတ်ကောင်ပဲပေါ့။

အို… ပြောရရင် အများကြီးပါ။ တိရစ္ဆာန်တွေချည်းပဲ ရိုက်တဲ့ကား။ လူနဲ့တိရစ္ဆာန် ရောရိုက်တဲ့ကား။ ကာတွန်းလည်း ရိုက်။ တကယ့်တိရစ္ဆာန် နဲ့လည်းရိုက်။ ကြောင်များနဲ့ခွေးများ (Cats and Dogs) တို့။ ဒယ်လ်မေးရှင်း တစ်ရာ့တစ်ကောင် (101 Dalmatians) တို့။

ထားလိုက်ပါတော့။

စုံနံ့သာမြိုင်က အဲသဟာတွေကို အားကျတာ။ လူတွေရိုက်တဲ့ ဓာတ် ရှင်ခေါ် ဘိုင်စကုပ်ကို အားကျတာ။ ငါတို့တိရစ္ဆာန်တွေလည်း ရုပ်ရှင်ရိုက် တတ်ပါတယ်ကွာပေါ့။ အဲသည့်အပေါက်မျိုးကို ချိုးတာ။

စုံနံ့သာမြိုင်မှာ တိရစ္ဆာန်တွေကိုယ်တိုင် ရုပ်ရှင်ရိုက်နေခဲ့တာ ကြာ ပေါ့။

အခု ဂျက်ကွမ်းခြံကုန်းနဲ့ တည့်တည့်ကြီး လာတိုးတာက နွေရာသီ တိရစ္ဆာန်ရုပ်ရှင်ပွဲတော်တဲ့ခင်ဗျ။ လက်ရွေးစင်တိရစ္ဆာန်ဇာတ်ကားတွေကိုချည်း ပဲ ပြမှာ။ ရှုစားအားပေးလှည့်ပါလို့ ဂျက်ကို ဖိတ်တာ။

အဲဒါကြောင့် မှတ်ဆိတ်ပျားစွဲတို့၊ ရေငတ်တုန်း ရေတွင်းထဲကျတို့ ပြောခဲ့တာ။ ပြတဲ့သူရှိတော့လည်း ကြည့်ပေတော့ပေါ့။ တောရုပ်ရှင်။
mgyoe.com

mgyoe.com

(နှစ်)

ကြည့်ရှုခံစားမိခဲ့လေသမျှ ပြန်လည်၍ ဖောက်သည်ချရသည်ရှိလေသော်...

တိရစ္ဆာန်တက္ကသိုလ်နောက်ခံ အချစ်ဇာတ်ကားကလေးက တစ်ကားခင်ဗျ။ ဇာတ်လိုက်က ယုန်ကလေး။ ကန်ပေါင်ရိုးတစ်နေရာမှာ သူငယ်ချင်းတွေနဲ့ ပြေးကြ၊ လွှားကြ၊ တွန်းကြ၊ ထိုးကြ သစ်ပင်အောက်မှာ တိရစ္ဆာန်အမကလေးတွေကို လိုက်ပြီး စ,ကြ၊ နောက်ကြ၊ ရန်ဖြစ်ကြ၊ စားသောက်ဆိုင်ထဲမှာ ပေါက်ကရတွေ ပြောကြ၊ စားကြ၊ သောက်ကြ။ အနို့ကလို ပြကွက်တွေနဲ့ တိရစ္ဆာန်တက္ကသိုလ်ကျောင်းသားတွေရဲ့ အနာဂတ်မျှော်လင့်ချက်တွေကို ပြထားတဲ့ဇာတ်ကား။ အကြိုက်ဆုံးက ယုန်ကလေးရဲ့ သူငယ်ချင်းတွေ။ ဆင်ကြီးရယ်၊ ကြံ့ကြီးရယ်၊ မျောက်ဝံကြီးရယ်က ပထမနှစ်ကျောင်းသား ယုန်ကလေးရဲ့ အတန်းဖော်သူငယ်ချင်းတွေ။ သိပ်လိုက်တာပဲ။ ရွယ်တူသူငယ်ချင်းတွေအဖြစ်နဲ့ သရုပ်ဆောင်သွားကြတာ။

တိရစ္ဆာန်တွေရဲ့ အချစ်ကို အခြေခံပြီး ရိုက်ထားတဲ့ မိန်းမဆိုးအမုန်းဆိုတဲ့ ဇာတ်ကားကလေးလည်း ကြည့်ခွင့်ရခဲ့ပါသေးတယ်ခင်ဗျ။ ဇာတ်ကအများသိ ဆဒ္ဒန်ဆင်မင်းဇာတ်ပါ။ ဆဒ္ဒန်ဆင်မင်းရဲ့ မိဖုရားနှစ်ပါးဖြစ်တဲ့ မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါတို့ တစ်ကောင်နဲ့တစ်ကောင် ရန်စောင်ပြီး စကားများကြတဲ့အခန်းဟာ သိပ်ကိုအသက်ဝင်တယ်လို့ ပြောကြပါရဲ့။

"ဒီမှာ သုဘဒ္ဒါ
ယူနဲ့အိုင်က
သုဘဒ္ဒါချင်း
တူပေမယ့်
အဆင့်မတူဘူးဆိုတာ
နားလည်ထားပါ
အိုင်က စီနီယာသုဘဒ္ဒါ
ယူက ဂျူနီယာသုဘဒ္ဒါ
ဘာမှမဆိုင်ဘူး"
"ဟင်း... ဟင်း

mgyoe.com

mgyoe.com

ရယ်လိုက်ရတာ
ဖတ်ဖတ်မော
ရင်ဘတ်နောက်ကကျော
စုံနှံ့သာမြို့ပြမှာ
အိုင်ဒီယာအဟောင်းတွေ
New Version
လာလုပ်နေတယ်
ဒီမယ် အခုခေတ်
Living Style က
အပြိုင်ပဲရှိတယ်
စိနီယာတွေ
ဂျူနီယာတွေက
Expire ဖြစ်သွားပြီ
သွန်ပစ်လိုက်
သဘောပေါက်''
''ကြည့်စမ်း
ရိုင်းလိုက်တာ
ချောကလက်ကိုသာ
ဝေစားချင်စားမယ်
အချစ်ကို ဝေမစားဘူး
နားလည်ထား''

ဆင်တွေရဲ့ ဒိုင်ယာလော့ဂ်က ကောင်းလိုက်တာ။ ရန်စောင်နေကြတဲ့ ဆင်မနှစ်ကောင်ကလည်း နှစ်ကိုယ်ခွဲသရုပ်ဆောင်ထားတာ။ တော်တော်ကွာပါတယ်။ တစ်ကိုယ်က ဆွဲကြိုးပါတယ်။ တစ်ကိုယ်က မပါဘူး။ တော်တော့်ကို မတူအောင်လို့ ခက်ခက်ခဲခဲ သရုပ်ဆောင်ထားကြတာ။ အဆင့်မြင့် တိရစ္ဆာန်ရိုက်ချက်။

ဘုရားလောင်းမျောက်မင်းဇာတ်ကို ရိုက်ထားတဲ့ ဇာတ်ကားကလေးလည်း ကြည့်ဖြစ်ပါသေးတယ်။ လမ်းပျောက်နေတဲ့ မုဆိုးကို မျောက်မင်းက

mgyoe.com

mgyoe.com

လမ်းပြတဲ့ဇာတ်။ လမ်းမှာ ခဏနားတုန်း မုဆိုးက မျောက်ကိုသတ်စားဖို့ ခေါင်းကို ခဲနဲ့ထု။ ဒါပေမဲ့ မျောက်မင်းက သွေးစက်တွေနဲ့ မုဆိုးကို ရွာရောက်တဲ့အထိ လမ်းပြပေးရာက မုဆိုး မြေအမျိုခံရတဲ့ဇာတ်လမ်း။

မုဆိုး သစ်ပင်ပေါ်က မျောက်မင်းလမ်းပြတဲ့ သွေးစက်လမ်းညွှန်အတိုင်း ရွာကိုပြန်နေတဲ့ ပြကွက်မှာ ဟိုးခပ်လှမ်းလှမ်းက မီးရထားဖြတ်မောင်းသွားတာတို့၊ အဝေးပြေးမော်တော်ကားကြီးတွေ ဖြတ်မောင်းသွားတာတို့ ပါနေတာကလွဲရင် ကြည့်ပျော်ရှုပျော်ကားကလေးပါ။ မုဆိုး မြေမျိုခံရလို့ သေလုဆဲဆဲမှာ စကားပြောနေတာကလည်း သိပ်သဘာဝကျတာ။

''ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို အိမ်ပြန်ပို့ကြပါ
ဆိုတဲ့… ကဗျာထဲကလို
အခု
နေလည်းညို
မြေလည်းမျိုပြီလေ
ကျုပ်အိမ်ပြန်ပါရစေ
ကျွဲနွားတွေက
ချည်တိုင်ရှိရာ
ကျေးငှက်တွေက
အိပ်တန်းရှိရာ
ဆယ်လ်မွန်ငါးတွေက
သူတို့မွေးခဲ့တဲ့နေရာ
ပြန်ကြသလို
ကျုပ်လည်း ပြန်ရပြီ
ဒါပေမဲ့
ကောင်းသောပြန်ခြင်းတော့
မဟုတ်ခဲ့ပြီ
ငမိုက်သားကို

mgyoe.com

ပွေ့ပိုက်ထားမယ့်
မဟာပထဝီကို
အားနာလှချည်ရဲ့
ကျုပ်ကိုခွင့်လွှတ်ပါစ
အရှင်မျောက်မင်းရယ်
ဟင်… ပြောစမ်းပါ
ခွင့်လွှတ်တယ်လို့”

သစ်ပင်ပေါ်က မျောက်မင်းက ခေါင်းနဲ့ သစ်ပင်နဲ့ ဆောင့်လိုက်၊ ပင်စည်ကို လက်သီးတွေနဲ့ ထိုးလိုက်နဲ့ ဇာတ်သိမ်းသွားတဲ့ကား။

(သုံး)

ဩော်… တောထဲက တိရစ္ဆာန်ရုပ်ရှင်တွေအကြောင်း လျှောက်ပြောနေတာ အရေးကြီးတဲ့အချက်ကလေးပြောဖို့ မေ့နေလို့။

တောသတ္တဝါတွေက သူတို့ရိုက်ထားတဲ့ကားတွေကို ကမ္ဘာ့ရုပ်ရှင်ပွဲတော် တင်မလို့တဲ့ဗျ။ ဘာသံတွေထွက်လာမလဲတော့ မသိ။ နည်းနည်းလေး နားစွင့်ပေးထားကြပါဦး။ ။


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စုံနဲ့သာမြိုင်နဲ့ လတီ

## (တစ်)

အရပ်ဒေသတစ်ခု၊ ဒါမှမဟုတ် အစုအဝေးတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာက 'လတီ'တော်တော်များများ ရှိမှဆိုတာ လက်ခံကြမယ်ထင်ပါရဲ့။ ဟုတ်သဗျ။ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် 'လတီ'ကလေးတော့ ရှိမှ။

အဲ… နေဦး။ 'လတီ'ဆိုလို့ ဘာမှန်းမသိ ညာမှန်းမသိ ယောင်တောင်တောင် ကြောင်တက်တက် ဖြစ်နေဦးမယ်။ အင်္ဂလိပ်စကားလုံး 'Lity' ကို ပြောနေတာ။ နောက်ဆက် စကားလုံးကလေး 'လတီ'။ အဲသည့် 'လတီ'ရှိတဲ့နေရာဟာ တိုးတက်တာပါပဲ။

ခင်ဗျားတို့ ကြားဖူးမှာပေါ့။ အီကွယ်လတီ (equality) ဆိုတာ။ တန်းတူညီမျှမှု။ အခွင့်အရေးတူညီမှု။

အဲဒီနေရာမှာကျတော့ လူတစ်ယောက်က မျက်စိထဲ ပေါ်လာပါလေရော။ ဘယ်သူရှိရမှာတဲ့တုန်း။ ဗိုလ်ချုပ်အောင်ဆန်း ဆိုတဲ့လူပေါ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ မိသားစုထမင်းဝိုင်းကို သူ့ခေတ်က မြင်ဖူးတဲ့ လူတိုင်းက ပြောတယ်။ စစ်သားကလေးတွေ စားနေကြတဲ့ ထမင်းဝိုင်းက ဆန်အဆင့်အတန်း ဟင်းအဆင့်အတန်းနဲ့ အတူတူပဲတဲ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ မိသားစု စားတဲ့ထမင်းကိုကြည့်ပြီး ဆန်နည်းနည်းကြမ်းတာမို့ သူ့အနီးကပ် တာဝန်ကျသူ စစ်သားကလေးတွေက မနေနိုင်လွန်းတာကြောင့် ရန်ကုန်မြို့ထဲက

mgyoe.com

mgyoe.com


တတ်နိုင်သူတွေဆီ လှည့်ပြီး ဆန်ကောင်းကောင်းတွေ အလှူခံကာ ချက်ကျွေးတော့ သည်ထမင်း ကောင်းလှပါကလား ကောင်းလှပါကလားနဲ့ သူ့ဇနီး ဒေါ်ခင်ကြည်ကို မေးမေးနေခဲ့ရာက မသက်ာတဲ့တစ်နေ့ ကားဂိုဒေါင်ထဲ ဝင်ရှာမိတဲ့အခါ ဝှက်ထားတဲ့ ဆန်အိတ်အပုံစားတွေကိုလည်း တွေ့ရော နတ်မောက်သား ဝိုင်းဒိုင်းကြဲပါလေရော မဟုတ်လား။ ပြန်ပို့။ အခုပြန်ပို့။ မင်းတို့ယူလာတဲ့ ဆန်အိတ်တွေ မင်းတို့ပြန်ပို့။

အဲသဟာကို အီကွယ်လတီ (equality) ခေါ်တာလေ။ ငါ့ တပ်မတော်သားတွေနဲ့ ငါနဲ့ အခွင့်အရေးတန်းတူ။

နေဦး။ ရှိသေးတယ်။ ပျဉ်းမနားမှာ တပ်ထိုင်တုန်းက ဗိုလ်ချုပ်အောင်ဆန်း မရှိဘူးထင်ပြီး ဘေးအခန်းမှာရှိနေတဲ့ စစ်သည်ရဲဘော်တွေက ဝတ်စုံတွေ မကောင်းတာ၊ ညံ့တာ၊ စမတ် (Smart) မကျတာ၊ လူ့အထင်ကြီးစရာ မကောင်းတာတွေ ပြောနေကြပါလေရော။ လူဖြောင့်စိတ်တိုကြီး နတ်မောက်သား ဝုန်းဒိုင်းကြဲပြီမဟုတ်လား။ ရွံ့စောင်းတွန့်ကြေ နွမ်းရော်နေတဲ့ သူ့ဝတ်စုံတွေကို သူ လက်ညှိုးနဲ့ထိုးထိုးပြပြီး မင်းတို့ကွာ ငါ့ကိုကြည့်ကြပါဦးကွာနဲ့။ အဲသည့်တန်းတူဝတ်တာပါကွာဆိုတဲ့ အီကွယ်လတီ (equality) စိတ်ဓာတ်ဟာ တကယ့်လူသားစိတ်ပေါ့။

အဲ… ဂန္ဒီ။ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီ (Gandhi)။ မျက်မှန်အဝိုင်းကလေးနဲ့။ တောင်ဝှေးကလေးတစ်ချောင်းနဲ့။ ပြည်တွင်းဖြစ် ဒိုတီအဖြူနဲ့။ စွပ်ကျယ်အဖြူနဲ့။ ခြုံစောင်အဖြူနဲ့။ ကွမ်းမစား။ ဆေးလိပ်မဖွာ။ အရက်မသောက်။ ရွှေငွေမဝတ်ဆင်။ ကျွန်ခေတ် နင်းပြားအိန္ဒိယလူထုနဲ့ တစ်သားတည်း။ အဲသဟာလည်း အီကွယ်လတီ (equality) ပဲပေါ့။

ဩော်… စိတ်ထဲ ပေါ်လာပြန်ရဲ့။ မလေးရှားဝန်ကြီးချုပ်ဟောင်း ဘာဒါဝီ။ အဗ္ဗဒူလာအာမက်ဘာဒါဝီ (Abdullah Ahmad Badawi)။ ယင်း ထိုင်ငင်း ဘာဒါဝီ ဝန်ကြီးချုပ်လုပ်နေစဉ်က ယာဉ်စည်းကမ်း ဖောက်ဖျက်မှု ၁၁ မှုနဲ့ ဒဏ်ငွေ အရိုက်ခံရလေသတဲ့။ ယာဉ်ကြောမှားတာက လေးမှု၊ မရပ်ရမယ့်နေရာမှာ ရပ်တာက နှစ်မှု၊ မိုင်နှုန်းပိုမောင်းတာက ငါးမှု။ စုစုပေါင်း ၁၁ မှု။ ဒဏ်ရိုက်တာက မလေးရှားရင်းဂစ် ၁,၀၀၀။ မလေးရဲကလည်း ဖမ်းသဗျ။ ဝန်ကြီးချုပ်ကလည်း ခံသဗျ။ သာမန်လူထု

mgyoe.com

mgyoe.com

အတိုင်းပဲ ဥပဒေရဲ့ အလိုတော်အတိုင်း။ အဲသဟာ အီကွယ်လတီ (equality) ပဲပေါ့။ တန်းတူ။

## (နှစ်)

နေဦးဗျ။

လတီ (Lity)ဆိုလို့ ရက်စပွန်ဇေဘယ်လတီ (Responsibility) တို့၊ အကောင့်တေဘယ်လတီ (Accountability) တို့ ရှိသေးတယ်။ ပထမ လတီဖြစ်တဲ့ ရက်စပွန်ဇေဘယ်လတီက တာဝန်ယူနိုင်တာ၊ တာဝန်ခံနိုင်တာ။ ဒုတိယလတီဖြစ်တဲ့ အကောင့်တေဘယ်လတီက စာရင်းရှင်းနိုင်တာ။

သိကြမှာပါ အဗ္ဗဒူကလမ်ဆိုတာ။ အိန္ဒိယမှာ ၁၁ ဆက်မြောက် သမ္မတလုပ်ခဲ့တဲ့ (Abdul Kalam)။ ၂၀၀၂ မှာ သမ္မတအိမ်တော်ပေါ်တက်။ ၂၀၀၇ မှာ သမ္မတအိမ်တော်ပေါ်က ပြန်ဆင်း။ ငါးနှစ်။ တစ်ရက်မစွန်း။ သူက သူ့သေတ္တာနှစ်လုံးကို ဖွင့်ကြည့်ခိုင်းတာ။ လာတုန်းကလည်း အဲသည် သေတ္တာနှစ်လုံးတဲ့။ ပြန်တော့လည်း အဲသည့်သေတ္တာနှစ်လုံးတဲ့။ စာအုပ်တွေ ထည့်ထားတာတဲ့။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်တာတဲ့။

တာဝန်ယူနိုင်တယ်။ ရှင်းနိုင်တယ်၊ လင်းနိုင်တယ်ဆိုတဲ့ လူ့စိတ်။ ရက်စပွန်ဇေဘယ်လတီ။ အကောင့်တေဘယ်လတီ။

## (သုံး)

နောက် 'လတီ'တွေထဲမှာ အာဘယ်လတီ (ability) လည်း ကြိုက် သမျှ။ စွမ်းနိုင်တယ်ဆိုတဲ့ သဘောပေါ့။

အဲသမှာတော့ လီကွမ်ယု (Lee Kuan Yew)ကြီး မျက်စိထဲ ပြေး မြင်သဗျာ။ သောက်ရေချိုမရှိ။ မလေးရှားက ဝယ်ရ၏။ သဲမရှိ။ အင်ဒိုနီးရှား က ဝယ်ရ၏။ ရွှေမရှိ၊ ငွေမရှိ၊ ပတ္တမြားမရှိ၊ ကျောက်စိမ်းမရှိ၊ ရေနံမရှိ၊ ဓာတ်ငွေ့မရှိ၊ သစ်တောမရှိ၊ ကဏန်းမရှိ၊ ငါးရှဉ့်မရှိ၊ တောက်တဲ့မရှိ၊ ဆင်မရှိ၊ ကျားမရှိ၊ စပါးမရှိ၊ သကြားမရှိ၊ ပုတတ်မရှိ၊ ယုန်မရှိ၊ ခါမရှိ၊ လင်းပိုင်မရှိ၊ တောဝက်မရှိ၊ ဒူးရင်းမရှိ၊ မာလကာမရှိ။

ပြောချင်တာက စင်ကာပူဆိုတာ တတိယကမ္ဘာ။ ဆင်းရဲတဲ့ကမ္ဘာ။

mgyoe.com

mgyoe.com


ဘာမှမရှိတဲ့ကမ္ဘာ။

ဟောကြည့်။ အခုတော့ ပထမကမ္ဘာ။ သူဌေး။ လူသားအရင်းအမြစ်တွေနဲ့ ထိပ်တန်းရောက်အောင် လုပ်ပစ်ခဲ့သူက ဝန်ကြီးချုပ် လီကွမ်ယု။

အဲဒီ အနီးဝန်ကြီးချုပ် လီကွမ်ယုမှာ ဘာရှိ။ အဘာယ်လတီ (ability) လို့ခေါ်တဲ့ အရည်အသွေးပညာစွမ်းအားတွေရှိ။

(လေး)

ထားတော့။

ဒါကြောင့် ပြောရရင် 'လတီ'ရှိမှ အဲသည့်အစုအဝေး တိုးတက်တာလို့ ဂျက်ကွမ်းခြံကုန်းက ပြောတာ။

ကဲ... ဂျက်နဲ့ ရင်းနှီးတဲ့ စုံနှံ့သာမြိုင်တော။ ဘာကြောင့် နောက်ကျနေခဲ့ရသတုန်းလို့ မေးလာကြလေရဲ့။

တန်းစီနေတဲ့ တောခေါင်းဆောင် အဟောင်းကြီးတွေဖြစ်တဲ့ ခြင်္သေ့တို့၊ ကျားတို့၊ မြေခွေးတို့၊ ဝံပုလွေတို့၊ ဖွတ်တို့၊ မိကျောင်းတို့ကို ဂျက်က ပြန်မေးထည့်လိုက်တယ်။

ခုနက ပြောခဲ့တဲ့လူတွေမှာရှိတဲ့ အီကွယ်လတီတို့။ ရက်စပွန်ဆေဘယ်လတီတို့၊ အကောင့်တေဘယ်လတီတို့၊ အဘာယ်လတီတို့လို 'လတီ'မျိုးတွေ အဆွေတို့ တိရစ္ဆာန်တွေမှာ ရှိသလားလို့ မေးလိုက်တာ။ အကုန်လုံး ပါးစပ်ပိတ်သွားကြပါလေရော။

ဟုတ်တယ်လေ။ စိတ်မဆိုးကြေး။ 'လတီ'မရှိဘဲနဲ့ အနိုင်တော်တွေက အမည်မရှိတရှိ တောကြီးကို လက်ဆင့်ကမ်းလို့ ဖော်စပ်သုံးစွဲခဲ့ကြသမို့ ဥစ္စာ။ အခုမှ မျက်ကလူးဆန်ပျာနဲ့။

အဆိပ်ရှိရင်ပြီးရော၊ အစွယ်ရှိရင်ပြီးရော၊ အကောင်ကြီးရင်ပြီးရော၊ လျှာရှိရင်ပြီးရောဆိုတဲ့ တောမှာ 'လတီ'ကို ဘယ်သတ္တဝါကစပြီး ရှာတွေ့မှာပါလိမ့်။ ။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ဒါလားကွ... ဆပ်ကပ်

## (တစ်)

တစ်လ ကိုးသီတင်းလောက်ကို ရှိပြီ။ ဘယ်နေရာသွားသွား စုံနံ့သာမြိုင်တောထဲမှာက အဲသည့်သတင်းချည်းပဲ။ ဆပ်ကပ်...တဲ့။

တိရစ္ဆာန်တွေ ရေသောက်ဆင်းလေ့ရှိတဲ့ ချောင်းကလေးရဲ့ အစပ်မှာလည်း ဆပ်ကပ်။ အလေ့ကျပေါက်နေတဲ့ ပြောင်း၊ လူး၊ ဆပ် မြက်ခင်းပြင် တစ်မျှော်တစ်ခေါ်ကြီးရဲ့ အစပ်မှာလည်း ဆပ်ကပ်။ ကြဲ့တို့၊ ကျွဲတို့၊ ရေမြင်းတို့လို အကောင်ကြီးတွေ ရေဆင်းဆင်းပြီး စိမ်လေ့ရှိတဲ့ ရေအိုင်ကြီးရဲ့ အစပ်မှာလည်း ဆပ်ကပ်။ မိုက်နည်းနည်း တောင့်သွားတဲ့ သတ္တဝါတွေ ခြေပစ်လက်ပစ် လှဲချကာ အနားယူလေ့ရှိတဲ့ ကွင်းပြင်ကြီးထဲမှာကလည်း ဆပ်ကပ်။ ပြောရရင် နွားကြီးဘွတ်အဲဖွင့်ထားတဲ့ တောလက်ဖက်ရည်ဆိုင်ထဲမှာကလည်း ဆပ်ကပ်။

တစ်တောလုံး သစ်ပင်ကြီးငယ်မှန်သမျှ ကပ်ထားလိုက်ကြတဲ့ ကြော်ငြာတွေများဆိုတာ ဖွေးဖွေးကိုလှုပ်လို့။ အကုန်လုံး ဆပ်ကပ်ကြော်ငြာတွေချည်း။

ဟုတ်တယ်လေ။ ခြေခင်းလက်ခင်းကလေးသာတဲ့ နွေဦးရက်တွေထဲမှာ စုံနံ့သာမြိုင်တောထဲကို ဆပ်ကပ်အဖွဲ့ကြီး လာရောက်ဖျော်ဖြေလေမတဲ့။

mgyoe.com

ဆင်လိမ္မာတဲ့။ မျောက်လိမ္မာတဲ့။ ခွေးလိမ္မာတဲ့။ ကြောင်လိမ္မာတဲ့။ ကျားလိမ္မာတဲ့။ မြင်းလိမ္မာတဲ့။ လေ့ကျင့်သင်ကြားပေးသူ ဆက်ကပ်ဆရာလူတွေနဲ့အတူလာရောက်လို့ တင်ဆက်အသုံးတော်ခံပါမည့်အကြောင်း သတင်းတွေ ထွက်လာကတည်းက တောထဲမှာ ဘယ်နေရာသွားသွား ဆပ်ကပ်ချည်းပဲ ဖြစ်နေတဲ့ဥစ္စာ။

## (နှစ်)

ထင်တဲ့အတိုင်းပဲခင်ဗျ။ စုံနံ့သာမြိုင်တောထဲကို ကားကြီးကားငယ်တွေနဲ့အတူ ဆပ်ကပ်အဖွဲ့ကြီး ရောက်ရှိလို့လာပြီးတဲ့သကာလ ခင်းကျင်းပြသတဲ့နေ့ကိုလည်း ရောက်လာရော ပွဲခင်းထဲမှာ တိရစ္ဆာန်တွေ ဖွေးနေတာပဲ။ ခြေနှစ်ချောင်းတွေရော၊ ခြေလေးချောင်းတွေရော၊ တွားသွားတွေရော။ စုံမှစုံ။

ကောင်းလိုက်တဲ့ ပါဖောင်းမင့် (Performance) တွေများဆိုတာ။ ဩဘာသံတွေ ညံညံစီလို့။

ကြောင်လိမ္မာကလေးက အိမ်သာတက်ပြတာ ခင်ဗျ။ အောင်မယ် ဗိုလ်ထိုင်နဲ့။ ဘာမှတ်လို့လဲ။ ကမုတ်ခွက်ပေါ်ကို တက်ထိုင်။ အမြီးကလေးကို မြှောက်လို့။ ပြီးတော့မှ ရေခလုတ်ကို သူ့လက်ကလေးနဲ့ ဖိချတာ။ ဝေါခနဲ ရေကျသွားတဲ့ အသံနဲ့အတူ တိရစ္ဆာန်ပရိသတ်က ဩဘာသံတွေ ဆူဆူညံအောင် ပေးလိုက်ကြတာများဆိုတာ။

ခွေးလိမ္မာကလေးရဲ့ ပြကွက်တွေကလည်း စုံပါတယ်။ စားပွဲပေါ်က လက်ကိုင်ဖုန်း မြည်လာတဲ့အခါ ဖုန်းကို ပါးစပ်ကလေးနဲ့ ဖွဖွကိုက်လို့ သခင့်ဆီကို သွားပေးတဲ့ပြကွက်။ သတင်းစာခေါက်ကလေး ပစ်ချပေးလိုက်တဲ့အခါ အဲသည် သတင်းစာခေါက်ကလေးကိုကိုက်ကာ သခင့်ဆီ ယူသွားပေးတဲ့ပြကွက်။ အိပ်နေတဲ့ကလေးရဲ့ဘေးနားက စောင်ကို ပါးစပ်နဲ့ကိုက်ကာကိုက်ကာ ဆွဲယူရင်း ကလေးငယ်ကို စောင်ခြုံပေးနေတဲ့ပြကွက်။ နာရီနိုးစက်က ကလင်ကလင် မြည်လာတဲ့အခါ အိပ်နေတဲ့ သခင်ရဲ့ဘောင်းဘီအစကို သွားနဲ့ကိုက်ဆွဲကာ ထဖို့ သတိပေးတဲ့ပြကွက်။ အို… တစ်တောလုံး လက်ခုပ်သံတွေချည်း။

mgyoe.com

mgyoe.com

ကျားလိမ္မာက မီးကွင်းထဲခုန်ပြီးတော့ ဝင်ပြ၊ ခုန်ပြီးတော့ ထွက်ပြသဗျ။ လူနှစ်ယောက်က လွှဲပေးနေတဲ့ကြိုးကို ခုန်သဗျ။ မျောက်လိမ္မာက စက်ဘီးစီးပြသဗျ။ ဂစ်တာတီးပြသဗျ။ နေကာမျက်မှန်တပ်ပြီး ထီးဆောင်းကာ ကပြသဗျ။ တစ်တောလုံး သဘောကျလိုက်ကြတာ။

ဆင်လိမ္မာကြီးက ဖင်ဘူးတောင်းထောင်ပြ၊ နောက်ခြေနှစ်ချောင်းတည်းနဲ့ မတ်တတ်ရပ်ပြ၊ ဘာဂျာမှုတ်ပြ၊ သစ်လုံးပေါ်တက်ရပ်ပြ၊ ထီးကလေးကို နှာမောင်းနဲ့ မြှောက်ကိုင်ကာ ဖင်ကလေးလှုပ်ပြီး ကပြ။ ဘယ်တိရစ္ဆာန် မကြိုက်ဘဲ နေပေါ့။

မြင်းကကျတော့ တန်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြင့်ပြီး ခုန်ပြသွားတာ လှမှလှ။ နောက် ခြေနှစ်ချောင်းတည်းနဲ့ ပတတ်ရပ်ကာ လမ်းလျှောက်ပြသွားပုံကလည်း အံ့အာသရဲ။

ဆပ်ကပ်ဆရာက သူ့အဖွဲ့သားတွေနဲ့အတူ နှင်တံကလေးကို ကိုင်လို့ ဦးဆောင်တင်ဆက်သွားတဲ့ တိရစ္ဆာန်လိမ္မာတွေရဲ့ ဆပ်ကပ်ပွဲကြီးဟာ စုံနံ့သာမြိုင်မှာ ဟိုးလေးတကျော်ကိုပဲ အောင်မြင်သွားလိုက်တာ။

တိရစ္ဆာန်ဒေးလီး သတင်းစာမျက်နှာတွေပေါ်မှာ သုံးသပ်ကြ၊ ဝေဖန်ကြ၊ ချီးကျူးကြ။

လူတွေရဲ့ လေ့ကျင့်သင်ကြားပေးမှု၊ လူဆရာတွေနဲ့ စနစ်တကျ တွေ့ထိခဲ့ရမှုတွေကြောင့် ယဉ်ပါးလိမ္မာတဲ့ တိရစ္ဆာန်တွေ ဖြစ်သွားရတဲ့အကြောင်း ဖွင့်ဟလိုက်ကြစမ်းဆိုတာ။

## (သုံး)

ပြဿနာက ဆပ်ကပ်အဖွဲ့ကြီး ပြန်သွားတော့မှ ဖြစ်တာ။

တောထဲက တိရစ္ဆာန်တချို့က မကျေနပ်ကြလို့ဆိုလား။ စုဝေးတွတ်ထိုးကာ ပွစိပွစိတဲ့။

"ငါလည်း အမြီးကလေး နှန့်ပြတတ်ပါသကွာ"တဲ့။ ခွေးက။

"ငါလည်း ကြောင်ကျ ကျတတ်တဲ့ဥစ္စာ"တဲ့။ ကြောင်က။

"ငါက ရေတွေကို နှာမောင်းနဲ့ မှုတ်ပြတတ်တယ်လေ"တဲ့။ ဆင်က။

mgyoe.com

"ငှက်ပျောသီး အခွံနွာပြ၊ ပဲလှော်အခွံခွာပြခဲ့ပါရဲ့"တဲ့။ မျောက်က…။

"အသံအမျိုးမျိုးနဲ့ ရယ်ပြခဲ့တာ"တဲ့။ မြင်းက…။

"လူတွေနဲ့ လေ့ကျင့်လို့ ဆပ်ကပ်ထဲက တိရစ္ဆာန်တွေ လိမ္မာကြတာဆိုတဲ့စကားက ငါတို့တောထဲက တိရစ္ဆာန်တွေကို စော်ကားတာကွ။ အဲသည့်ဆပ်ကပ်ထဲက ခွေးလိမ္မာ၊ ကြောင်လိမ္မာဆိုတဲ့ အကောင်တွေကို တိရစ္ဆာန်စာရင်း မသွင်းနဲ့ကွာ၊ ဘဝင်မြင့်နေတဲ့ အကောင်တွေ"တဲ့။ ကျားစကားက ခပ်ရှည်ရှည်ရယ်။

မလာစဖူး အလာထူးတဲ့ ဆပ်ကပ်အဖွဲ့ကြီးက လူတွေနဲ့ စနစ်တကျ လေ့ကျင့်ထားတဲ့ တိရစ္ဆာန်လိမ္မာကလေးတွေနဲ့ ခင်းကျင်းတင်ဆက်သွားတာကို ကြုံတောင့်ကြုံခဲ ကြည့်ခွင့်ရလိုက်တဲ့အပေါ်မှာ တစ်တောလုံးက အုန်းအုန်းကျွက်ကျွက် ဖြစ်နေတာကို တောထဲက တိရစ္ဆာန်တစ်စုက မကျေမနပ်ဖြစ်နေကြတာ။ ကိုယ့်ဟာနဲ့ကိုယ် အမြီးကလေးလှုပ်ပြ၊ ခေါင်းကလေးလှုပ်ပြနဲ့ အပုတ်ထင်နေခဲ့ကြတာကိုး။


အခု ဆပ်ကပ်ကကျတော့ တစ်တောလုံး အကြိုက်တွေ့သွားတဲ့ ဥစ္စာ။ တိရစ္ဆာန်တွေမှ မဟုတ်ဘူးနော်။ လူတွေကပါ လက်ခုပ်လက်ဝါးတီးလို့ အားပေးနေကြတာ။ တစ်ပွဲပြီးတစ်ပွဲတဲ့။ ပြောရရင် ဂျက်လည်းပါဝင်ကြောင်းပါ အရပ်ကတို့။ ။

❑

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ခေတ်မီသူတိုင်း ဆဲကြသည်

## (တစ်)

စကားလုံးနဲ့ ပါးစပ်နဲ့မှ ဆုံရဲ့လား မသိပါဘူး။ ပြောလိုက်ပြီဆိုမှ ဖြင့် ရောမအလုံးကြီးတွေချည်းပါပဲ။ ဘယ်သတ္တဝါရှိရမတဲ့တုန်း။ ဖွတ်ကြီး ပဲပေါ့။

လှိုင်းတဲ့ခင်ဗျ။ တတိယလှိုင်းတဲ့။ ဖွတ်ကြီးက အင်္ဂလိပ်လိုကို မှုတ်တော့တာ။ သဒ်ဝေ့ဖ်ဆိုလား ဘာဆိုလား။ ပထမ ဂျက်က ဘာမှန်းသိတာ မဟုတ်ပါဘူး။ အယ်လ်ဗင်တော့ဖ်လာတွေ ဘာတွေပါလာတော့မှ ဪ… အမေရိကန်လူမှုရေးနဲ့ အနာဂတ်တွေးခေါ်သူ စာရေးဆရာ Alvin Toffler ရဲ့ The Third Wave ကို ဆိုလိုနေတာပါလားဆိုတာကို ရိပ်စားမိလိုက်တာ ပါ။

"ကျုပ်တို့တိရစ္ဆာန်ကမ္ဘာကြီးကို နောက်ကျကျန်ခဲ့ပြီ၊ နောက်ကျ ကျန်ခဲ့ပြီနဲ့ ခပ်နှိမ်နှိမ် ပြောကြတာတွေကို ကျုပ်ဖြင့် လုံးဝမကျေနပ်ပေါင် ဗျာ"တဲ့။

အဲသဟာ ဖွတ်ကြီး မကြာခဏပြောတဲ့စကား။ လူတွေက တိရစ္ဆာန် လောကကို နှိမ်သတဲ့။ စုံနဲ့သာမြိုင်ကို အရာမသွင်းချင်ကြဘူးတဲ့။

အခု တိရစ္ဆာန်တွေလည်း တတိယလှိုင်းကို စီးမိနေကြပါပြီတဲ့။ ရာရာစစ မြတ်စွာဘုရား။

mgyoe.com

လူတွေ ရေကြည်ရာမြက်နုရာ လျှောက်သွားပြီး အသက်ရှင်ဖို့ ကြိုးစားခဲ့ကြရာကနေ စိုက်တတ်ပျိုးတတ်လာကြကာ တစ်နေရာရာမှာ မြို့ပြ ရပ်ရွာတည်ထောင်လို့ အခြေချနေတတ်လာတာကို ပထမလှိုင်းတဲ့။ အဂရီ ကာလ်ချာ ရီဗော်လူးရှင်း (Agricultural Revolution) ဆိုလား။ အဲ… အနို့ကလိုနဲ့ ကာယကို အခြေပြု ရုန်းကန်လာရာကနေ စက်ကိရိယာတွေ လုပ်တတ်လာကြပြီး စက်မှုအခြေခံကာ အသက်ရှင်ကြတာကိုတော့ ဒုတိယ လှိုင်းတဲ့။ အင်ဒတ်စရီရယ် ရီဗော်လူးရှင်း (Industrial Revolution) လို့ ဆိုပါရဲ့။ ဟော… အနို့နဲ့ အခုအခါ အဆင့်မြင့် သတင်းအသိအမြင် နည်းပညာခေတ်ကြီးထဲကို ရောက်လာပါလေရော။ အင်ဖော်မေးရှင်း တက် ခနော်လော်ဂျီ (Information Technology) ဆိုလား။ အဲသဟာက တတိယ လှိုင်းတဲ့။

လူ့ကမ္ဘာကြီးဟာ အခု အဲသည်အနို တတိယလှိုင်းကို စီးနေတာတဲ့။ မြန်နှုန်းမြင့် ကွန်ပျူတာတွေနဲ့ နက်ဝဝ် (Network) တွေနဲ့။ ဆဲလ်ဖုန်း (Cell Phone) တွေနဲ့။ အင်တာနက် (Internet) တွေနဲ့။ အဲသဟာကိုပဲ ကမ္ဘာကြီးဟာ တတိယလှိုင်းကို စီးနေပြီရယ်လို့ စာရေးသူ အယ်လ်ဗင်တော့ဖ် လာက ပြောတာ။

အခု ဖွတ်က ယင်း ၄င်း အနိုအချက်အလက်တွေကို အခြေခံကာ သူတို့ စုံနံ့သာမြိုင်တောကြီးထဲက တိရစ္ဆာန်တွေရဲ့ကမ္ဘာဟာလည်း နောက်ကျ မနေခဲ့ပါဘူးဆိုတဲ့စကားနဲ့ သတ္တဝါပေါင်းစုံဟာ အဲသည် တတိယလှိုင်းကြီး ကို စီးနေကြပြီဆိုတဲ့အကြောင်း ပြောလာခဲ့တာပါ။

"ဆရာကြီးဂျက် ကြည့်လိုက်… လက်ကိုင်ဖုန်းသုံးတဲ့ သိပ်သည်းဆ ဘယ်လောက်များသလဲဆိုတာ အကောင်ကြီးကြီး၊ အကောင်ငယ်ငယ် စုံနံ့သာ မြိုင်မှာ သတ္တဝါတိုင်းဟာ Online ပေါ်မှာချည်းပဲ"

ဖွတ်စကားက ဟုတ်တော့ဟုတ်သယောင်ယောင်ရယ်ပါ။ ဟုတ်ပ။ ခြင်္သေ့အိုကြီးကလည်း သူ့ဖုန်းသူပွတ်လို့။ မျောက်ကလေးတွေကလည်း သစ်ပင်ခွကြီး ခွထိုင်ကာ ဖုန်းကိုယ်စီပွတ်လို့။ ယုန်ကလည်း ပွတ်။ တောက် တဲ့ကလည်း ပွတ်။ ဒရယ်ကလည်း ပွတ်။ သမင်ကလည်း ပွတ်။ ဝံပုလွေ ကလည်း ပွတ်။ တောကြောင်ကလည်း ပွတ်။ နောက်ဆုံး ကုန်ကုန်ပြောရရင်

mgyoe.com

mgyoe.com

ပုရွက်ဆိတ်ကလည်း ပွတ်။

တစ်တောလုံး အချိန်ပြည့် Online ပေါ်မှာ။ ဖွတ်ကြီးပြောသလို စုံနဲ့သာမြိုင်ဟာ တတိယလှိုင်းကိုခွပြီး စီးနေမိပြီဆိုတာ ဟုတ်များ ဟုတ်နေလေရော့သလား။

(နှစ်)

တစ်ကောင်က ယုန်နဲ့လိပ် အပြေးပြိုင်ပွဲကို Online ပေါ် တင်သဗျ။ ထူးလိုက်တဲ့ပြိုင်ပွဲ။ ဘယ်သူမှ မနိုင်ဘူးခင်ဗျ။ ယုန်ရောလိပ်ပါ ပြေးရင်းနဲ့ လမ်းမှာ ဖေ့စ်ဘွတ်ခ်ဖွင့်ပြီး ပွတ်နေကြလေသတဲ့။ ညနေစောင်းတဲ့အထိ ပန်းတိုင်ရှိရာ ရောက်မလာတာကြောင့် လိုက်ရှာတော့မှ တွေ့တာ။ နှစ်ကောင်သား သစ်ပင်ကလေးတွေ မှီကာ ကိုယ်စီ ဖုန်းပွတ်လို့တဲ့။ အဲသဟာကို တစ်ကောင်က Line ပေါ် တင်ပေးလိုက်တာပါ။

အို… ဆဲလိုက်ကြစမ်းဆိုတာ။ သတ္တဝါပေါင်းစုံ။ အဆဲပေါင်းစုံ။

"နှမပေးလိပ်၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ဝရမ်းပြေးသား။ မှတ်ပလား။ မင်း… တစ်ခါပဲရမယ်"

"ဘာယုန်လဲ၊ မိန်းမရှင်က မွေးတဲ့ ယုန်နေမှာပေါ့။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ် လဲသေစမ်းပါကွာ ခွေးသား"

"နှစ်ကောင်စလုံး ဟိုဟာပဲထင်တယ်။ သောက်ရေးမပါတာ သောက်ရေးလုပ်လို့ ပြေးစရာရှိတာပြေးပြီး မင့်အမေလင်ကို နောက်မှပွတ်ပါလား မအေပေးတွေ"

"ဟော့ကောင်တွေ မရိုင်းနဲ့ကွ။ ကြာကူလီနဲ့ ပြည့်တန်ဆာနဲ့ မွေးထားတဲ့ကောင်တွေ။ ရှုံးရှုံးနိုင်နိုင် မင်းတို့သောက်ရေးမဟုတ်ဘူး ဒါပဲထင်တယ်"

ယုန်လည်းဆဲ၊ လိပ်လည်းဆဲ။ နှစ်ကောင်စလုံးဆဲ။ ဆဲတဲ့လူကိုလည်း ပြန်ဆဲ။ ဖုန်းပေါ်မှာ ကျွတ်ကျွတ်ကိုညံလို့။

(သုံး)

တစ်ရက် ဥသြက Online ပေါ်ကနေ သူ့ရဲ့သီချင်းခွေ ဖြန့်ချိတော့မယ့်အကြောင်း ကြေညာသဗျ။ သစ်ခြောက်ပင်ကြီးတစ်ပင်ပေါ်မှာ ဥသြ

mgyoe.com

mgyoe.com


ကလေး နားနေတဲ့ပုံကလေးနဲ့။ သီချင်းခွေနာမည်ကလေးကလည်း လွမ်းစရာပါ။ အဖော်မဲ့တဲ့ နွေရက်များဆိုလား။

အို… တက်လာလိုက်တဲ့ ဆဲသံတွေများဆိုတာ။

"အဖော်မဲ့ရင် လဲသေလိုက်။ မင်းသောက်သံက ခေတ်မရှိတော့ဘူး။ ဖယောင်းကျူးဖို့ ဘုန်းကြီးပျံရှာပေးမယ် ခွေးသား"

"ငိုဦးမှာလား ကိုယ့်ဆရာ မျက်ရည်နဲ့ လုပ်စားလို့ရမယ်ထင်လို့လား။ သောက်ခွက်က သနားစရာ"တဲ့။

ကဗျာဆရာကလေး ရွှေချိုးဖြူသေတုန်းကလည်း ချိုးငှက်ပုံကလေးနဲ့အတူ နာရေးသတင်းကလေး Online ပေါ် တက်လာပါသေးတယ်။ ချက်ချင်းဆိုမှ ချက်ချင်းပါဗျာရယ်။ Onlineပေါ်ကနေ တုံ့ပြန်လိုက်ကြတာတွေများဆိုတာ။

"ဘာ… ခုမှသေတယ် ဟုတ်… အစောကြီးကတည်းက သေရမှာ။ ဒီကောင်တွေ ဘာ့ကြောင့်များကာလနာ စောစောမတိုက်ပါလိမ့်"

"တစ်တောရှင်းတာပေါ့။ စုံနံ့သာမြိုင် အမှိုက် မင်းကဗျာ ဘယ်သူမှ မကြိုက်၊ မင်းလည်း ဘယ်သူမှ မကြိုက် မအေပေး နှမပေး သေလိုက်"တဲ့။

## (လေး)

သတင်းအသိပညာ နည်းပညာခေတ်ကြီး ရောက်ရှိလာတဲ့အခါ လူ့ရပ်လူ့ရွာမှာတော့ ဘယ်လောက် တိုးတက်ပြောင်းလဲသွားတယ်ဆိုတာ မသိနိုင်ပါဘူး။

တောထဲမှာကတော့ အတော်ဆဲကြသဗျ။ ဘာလုပ်လုပ် ဆဲတာ။ ဘယ်သူဖြစ်ဖြစ် ဆဲတာ။ ဆင်ဆဲ။ ဆိတ်ဆဲ။ ကျားဆဲ။ ကြောင်ဆဲ။ နေ့ဆဲ။ ညဆဲ။ မိုးဆဲ။ နွေဆဲ။ ဖရုသဝါစာ တောဂနိုင်ကြီးကိုဖြစ်လို့။

ဒါကို ဂျက်က ဖွတ်ကြီးကို ပြောပြမိပါတယ်။ ခင်ဗျားတို့တောက တတိယလှိုင်းကို စီးတာမဟုတ်ဘူးလို့။ လှိုင်းအောက်ရောက်ပြီး နစ်သွားတာလို့။ ဘာပြန်ပြောတယ်မှတ်လဲ။

"မအေပေး ဂျက်က ဆရာလာလုပ်ပြန်ပြီ။ သောက်ခွက်ကို ဖြတ်

mgyoe.com

mgyoe.com

ရိုက်မိတော့မယ်။ ငါတို့လည်းသိတယ် နှမပေးရဲ့”တဲ့။

ကဲ။ ဘယ့်နှယ်လုပ်ကြရပါ့။

❑

mgyoe.com

mgyoe.com

# ပုတ်သင်ညိုကြီးများ ရဲ့ ဝါဒဘက်



mgyoe.com

mgyoe.com

# ပုတ်သင်ညိုကြီးများရဲ့ အာဘော်

## (တစ်)

တိရစ္ဆာန်မီဒီယာ (Media) လောကကြီးအတွက် အခုနှစ်ပိုင်းတွေဟာ အ,မင်္ဂလာနှစ်ပိုင်းတွေလို့များ ပြောရလေမလား မပြောတတ်ပါဘူး။ ကြားလိုက်ရတဲ့ သတင်းတွေမှန်သမျှ တစ်ခုမှကို ကျက်သရေမရှိဘူး။

အဲ… မီဒီယာ (Media) ဆိုလို့ အဲသည့်စကားလုံးဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ဗျုပ္ပတ်က လူထုဆက်သွယ်ရေးရယ်လို့ အဘိဓာန်ဘုတ်အုပ်အထူကြီးတွေထဲမှာဖြင့် ဖွင့်ဆိုထားတာပါပဲ။ News and Information for the Public လို့ ဆိုသမို့လား။ ရေဒီယိုတွေပါတာပေါ့။ ရုပ်မြင်သံကြားတွေ ပါတာပေါ့။ သတင်းစာ၊ ဂျာနယ်တွေပါတာပေါ့။ ၄င်းအရပ်ရပ်ကို ပေါင်းစပ်လိုက်လေသောအခါ ယင်းအနှိုဥစ္စာကြီးတစ်ခုလုံးကို မီဒီယာလို့ ခေါ်ဝေါ်သမုတ်ကြလေကုန်တာပါပဲ။

အဲသည့် မီဒီယာဆိုတာကြီးဟာ လူ့ရပ်၊ လူ့ရွာထဲမှာ လူထုဆက်သွယ်ရေးပါလို့ ဘာသာပြန်ဆိုကြပေမယ့် စုံနံ့သာမြိုင်ဆိုတဲ့ တောကြီးထဲမှာတော့ တိရစ္ဆာန်တွေပဲ နေကြသမို့ဥစ္စာ တိရစ္ဆာန်ဆက်သွယ်ရေးရယ်လို့ပဲ ခေါ်ဝေါ်သမုတ်ကြရပေမှာပေါ့။ ထား။

အခု အဲသည့်တောထဲက မီဒီယာလောကကြီးတစ်ခုလုံး ကျက်သရေတုံးနေရတာ။

mgyoe.com

mgyoe.com


မနက်စောစော ခပ်ပျင်းပျင်းရှိတာနဲ့ စုံနံ့သာမြိုင်တောထဲက နွားကြီးဘွတ်အဲဖွင့်ထားတဲ့ တီးအင်န်ကဖီး (Tea & Cafe) ဆိုတဲ့ ဆိုင်ကလေးထဲဝင်သွားပြီး သဘာဝနွားနို့ပူပူကလေးတစ်ခွက် မှာပြီးတဲ့သကာလ ဖတ်နေကျ **'ဇီးကွက်မျက်ပြူ'** ဆိုတဲ့ သတင်းစာကလေး ရောက်ပြီလားခင်ဗျလို့ လှမ်းမေးလိုက်တော့ ကောင်တာမှာ ထိုင်နေတဲ့ နွားကြီးဘွတ်အဲရဲ့ ဇနီးဘွတ်အဲကြာဖြူလှမ်းအော်ပြောပုံက ကြည့်။

''ဇီးကွက်မျက်ပြူ သတင်းစာလား ရပ်သွားပြီလေ။ အခုမှ အိပ်ရာကနိုးလာတယ် ထင်ပါ့။ သုံးလေးရက်ရှိပြီတော်ရေ့ ရပ်သွားတာ။ လာသမျှသတ္တဝါ ဇီးကွက်မျက်ပြူပဲ မေးနေလိုက်ကြတာ''

တိရစ္ဆာန်လောကမှာ ဖြစ်ပျက်နေသမျှ သတင်းတွေက ကွက်ကွက်ကွင်းကွင်း၊ ဆောင်းပါးတွေက ရှင်းရှင်းလင်းလင်းရှိသမို့ စာဖတ်သူ သတ္တဝါပေါင်းစုံက အကြိုက်တွေ့နေကြတဲ့ **'ဇီးကွက်မျက်ပြူ'** လို သတင်းစာတစ်စောင် ရပ်သွားပြန်ပြီဆိုတာကြောင့် အ,မင်္ဂလာပဲရယ်လို့ ဂျက်ကွမ်းခြံကုန်းက ကောက်ချက်ဆွဲလိုက်မိတာပါ။

ဟုတ်တယ်လေ။ ဘာကြာသေးလို့လဲ။ **'ယုန်နားရွက်'** ဆိုတဲ့ သတင်းစာတစ်စောင်လည်း ထုတ်ဝေသမှု ရပ်ဆိုင်းသွားခဲ့ရတာပါပဲ။ နေဦး ရှိသေးတယ်။ **'လင်းယုန်မျက်စိ'** ဆိုတဲ့ သတင်းစာ။ တောနေသတ္တဝါပေါင်းစုံရဲ့ အကျိုးစီးပွားအတွက် သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှ အကုန်လုံး ဖွင့်ချရေးသားနေတဲ့ သတင်းစာ။ အခု အဲသည့် **'လင်းယုန်မျက်စိ'** လည်း ရပ်သွားခဲ့တာကြာပေါ့။

''သတင်းစာတွေမှ မဟုတ်ရပါဘူး ဂျက်ဆရာရယ်။ ဂျာနယ်တွေလည်း တစ်စောင်ပြီးတစ်စောင်ဆိုသလို ရပ်ရပ်ကုန်ကြတာပါပဲ''

တီးအင်န်ကဖီး (Tea & Cafe) ထဲကို ဝင်ချလာကာ ဂျက်ထိုင်နေတဲ့စားပွဲမှာ ဝင်ထိုင်လာတဲ့ သိုးကြီးကလည်း တိရစ္ဆာန်မီဒီယာလောကရဲ့ ကျက်သရေနတ္ထိဖြစ်နေပုံကို ဝင်ပြီး ဖြည့်စွက်ပါတယ်။

တောရောင်ခြည်ဂျာနယ် ဟပ်ထိုးလဲသွားတာ ကြာပေါ့။ Jungle Star ဂျာနယ် ဖုတ်လိုက်ဖုတ်လိုက်နဲ့ ငြိမ်ကျသွားတာ သည်နွေမိုးဆောင်းပြောင်းခဲ့ပါပေါ့။ လင်းကြက်တွန်သံဂျာနယ် ဆန့်ငင်ဆန့်ငင်နဲ့ မျက်ဖြူလန်

mgyoe.com

mgyoe.com


သွားတာ တစ်ဆောင်းတောင်မှ သစ်ခဲ့ပါပကောေ။ ကြိုးကြာတစ်ထောင် ဂျာနယ် ကယ်တော်မူကြပါလို့ အော်ရင်းဟစ်ရင်းနဲ့ အသံတိမ်သွားတာ ပြန်ပေါ်မလာပါလေတော့။

"အနို့… နေစမ်းပါဦး၊ အဆွေတို့တောမှာ မီဒီယာလောကကြီး ဖရိုဖရဲနဲ့ ပြိုလဲနေပုံက ကြောက်ခမန်းလိလိပါလားဗျာရယ်။ ကြာရင် ဘာမှ ဖတ်စရာရှိတော့မယ် မထင်တာမို့ ကြံ့ကြံ့ခံနိုင်မယ့် စာစောင်ကလေးများ တစ်စောင်တလေလောက် လုပ်နိုင်မယ့် တိရစ္ဆာန်မရှိတော့ဘူးလားဗျာရယ်"

တိရစ္ဆာန်တွေနဲ့ အုံခဲနေတဲ့ Tea & Cafe ထဲမှ ဂျက်က အနို့ကလို လည်း ညည်းတွားလိုက်လေရော အသံခပ်စွာစွာနဲ့ မြင်းကြီးက သောက်လက် စ နို့ခွက်ကို စားပွဲပေါ်ဆောင့်ချကာ ပြောထည့်လိုက်ပုံက…

"ဘယ်သောအခါမှ မယိုင်မလဲ ခိုင်ခိုင်မြဲမြဲပြီး စတိုင်ဆွဲကာ ကြံ့ကြံ့ ခံနေတဲ့ ပစ်တိုင်းထောင်သတင်းစာကတော့ ကျုပ်တို့ ဂနိုင်မှာ ရှိသပေါ့။ ဂျက်ဆရာရယ် တောရိပ်တောင်ရိပ်နေ့စဉ်ဆိုတဲ့ သတင်းစာ။ လေးသချေ နဲ့ ကမ္ဘာတစ်သိန်း ဘယ်တော့မှ လဲပြိုမယ်မထင်နဲ့။ ပုတ်သင်ညိုတွေက လက်ဆင့်ကမ်းပြီး ထုတ်ဝေလာခဲ့ကြတာ" တဲ့။

'တောရိပ် တောင်ရိပ်' သတင်းစာကို ဘယ်တော့မှ စောင်ရေမကျ အောင် ထိန်းထားနိုင်တဲ့ ပုတ်သင်ညိုကြီးတွေကို ဂျက်ကွမ်းခြံကုန်း တော် တော်ကလေး စိတ်ဝင်စားသွားပါတယ်။ ဂျက်ဆရာ တွေ့ချင်ရင် တွေ့ပေး မယ်လေတဲ့။ မြင်းက။

ဂျက်က အဲသည့်မြင်းပေါ်ကို တက်ခွလိုက်တယ်။ သတင်းစာဆရာ ပုတ်သင်ညိုကြီးတွေနဲ့ တွေ့ချင်လို့။

## (နှစ်)

'တောရိပ် တောင်ရိပ်' သတင်းစာတိုက်ကို ရောက်တော့ လက်ရှိ တာဝန်ယူနေတဲ့ ပုတ်သင်ညိုကြီး သုံးလေးငါးကောင်နဲ့ တွေ့ပါလေရော။ ထုံးစံအတိုင်း ခေါင်းတဆတ်ဆတ် ညိတ်လို့။

"အဆွေတို့ သတင်းစာက တော်တော့်ကို သက်တမ်းရှည်ပြီနော်"

ဂျက်က အနို့ကလို မေးတော့ စိမ်းသလိုလို၊ ပြာသလိုလို၊ ဝါသလိုလို

mgyoe.com

mgyoe.com


နီသလိုလို ခေါင်းကြီးတညိတ်ညိတ်နဲ့ ပုတ်သင်ညိုကြီးက ပြန်ဖြေပါတယ်။

"ဟုတ်ပ့ါ။ တိရစ္ဆာန်တို့ ပျော်မွေ့ကြရာ စုံနံ့သာမြိုင်တောကြီးထဲမှာ တော့ တောရိပ်တောင်ရိပ်ဆိုတဲ့ သတင်းစာကြီးဟာ သက်တမ်းရှည်ကြာလှ ပါပေ့။ ရှည်ဆို တောထဲမှာ သတ္တဝါကြီးတွေ တစ်ကောင်ပြီးတစ်ကောင် ဦးဆောင်သူ လီဒါ (Leader)အဖြစ်နဲ့ ပြောင်းပြောင်းသွားတယ်။ တောရိပ် တောင်ရိပ်သတင်းစာကို ခေတ်အဆက်ဆက် ပုံဖော်ခဲ့ကြတဲ့ ပုတ်သင်ညို တွေကတော့ ပြတ်သားတဲ့ မူဝါဒနဲ့ မယိုင်မလဲဘဲ ရပ်တည်ခဲ့ကြတယ်။ ဒါကြောင့်လည်း သို့နှယ် သက်တမ်းရှည်ကြာ ရပ်တည်နိုင်ခဲ့တယ်ထင်ပါ့" တဲ့။

ဂျက် တော်တော်စိတ်ဝင်စားသွားတာ အမှန်ပါ။ ပြတ်သားတဲ့မူဝါဒ နဲ့ ရပ်တည်ခဲ့လေသတဲ့။ ယင်း၄င်းအနီးပြတ်သားတဲ့ မူဝါဒကို ဂျက်သိချင် စိတ်တွေ နိုးကြွလာပါရဲ့။

"အဲသည် ပြတ်သားတဲ့မူဝါဒကလေး သိချင်မိပါရဲ့"

အဲသမှာ ပုတ်သင်ညိုကြီးတစ်ကောင်က မှတ်တမ်းမှတ်ရာတွေထား တဲ့ ဗီရိုကြီးထဲကနေ အသေအချာချုပ်ထားတဲ့ သတင်းစာလေးငါးစောင်ကို ထုတ်ယူကာ အယ်ဒီတိုရီရယ် (Editorial) လို့ခေါ်တဲ့ အယ်ဒီတာ့အာဘော် တွေကို လှန်ပြပါတယ်။ မှန်တာပေ့ါ။ အယ်ဒီတာ့အာဘော်ဆိုတာ သတင်းစာ ရဲ့ ပြတ်သားတဲ့မူဝါဒပဲဥစ္စာ။

"ဒီမှာ၊ ဒါက တောကို ဖွတ်ကြီး ဦးဆောင်ခွင့်ရတုန်းက ထုတ်ခဲ့တဲ့ သတင်းစာ။ အယ်ဒီတာ့အာဘော်ကို ကြည့်လိုက်။ ဖွတ်ခေတ်ကို ရောက်ရ မည်မှာ မလွဲပါတဲ့။ နေဦး··· ဒါက ဖွတ်ကြီးဆင်းသွားပြီး ခြသေ့်တက်လာ တော့ ထုတ်ခဲ့တဲ့သတင်းစာ။ အယ်ဒီတာ့အာဘော်က ခြသေ့်ခေတ်ကို ရောက် ရမည်မှာ မလွဲပါတဲ့။ အနို့နဲ့ ခြသေ့်လက်ပြနုတ်ဆက်ပြီး မြွေခွေး တက် လာပြန်ပါလေရော။ ဟောသမှာ ထိုစဉ်က သတင်းစာအယ်ဒီတာ့အာဘော် က မြွေခွေးခေတ်ကို ရောက်ရမည်မှာ မလွဲပါ။ နောက်တော့တစ်ခါ မြွေခွေး နှုတ်ဆက် အိုးဝေတွေ တက်လာပြန်ပါလေရော"

ပုတ်သင်ညိုကြီး စကားမဆုံးခင်မှာပဲ ဂျက်က တော်ပါတော့လို့ ဆိုကာ လက်ကာပြလိုက်မိပါရဲ့။

mgyoe.com

mgyoe.com


“ဟုတ်ကဲ့ သဘောပေါက်ပါပြီ။ ပုတ်သင်ညိုတွေ လက်ဆင့်ကမ်း အသက်သွင်းကာ စီမံထုတ်လုပ်ခဲ့တဲ့ တောရိပ်တောင်ရိပ်သတင်းစာရဲ့ ပြတ်သားတဲ့ မူဝါဒက”

“သြော်... ရှင်းရှင်းကြီးဥစ္စာ ဂျက်ဆရာရယ် လက်ရှိ သတ္တဝါကြီး လုပ်ဆောင်သမျှ တောအကြိုက် မနှောခိုက် All Right ပဲပေါ့။ အနို့ကလို မူနဲ့ပြတ်ပြတ်သားသား ရပ်တည်ခဲ့တာ”

သြော်... စာနယ်ဇင်းကလေးတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ပျောက်သွားကြရတဲ့အချိန်မှာ တောရိပ်တောင်ရိပ်သတင်းစာကတော့ ပြတ်သားတဲ့မူကြောင့် တောထဲမှာ အောင်လံထူလို့။

ဘယ်သတ္တဝါကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ပုတ်သင်ညိုတွေကတော့ လက်ရှိသတ္တဝါ All Right သတ္တဝါမျိုးစုံ နည်းနည်းကလေး ခံပြင်းတာက အဲသည် တောရိပ် တောင်ရိပ် ထွက်နေဖို့အတွက် မိမိတို့က အခွန်တော်ငွေ မှန်မှန်ပေးဆောင်နေရတဲ့ ဒုက္ခ။ မှတ်ကရော။ ။

❑

mgyoe.com

mgyoe.com



# အဲဒါ
# ရှိတဲ့ဘက်က
# မကောင်

mgyoe.com